မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၅ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတ နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ် မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်

တပ်မတော်ဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုပိုင်နက် နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အမျိုးသား အကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း
အမှတ်စဉ် (၄၆) သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ တော်လှန်ရေးပန်းခြံအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၂၃ ရက်)

ပြည်သူများ လူနေမှုဘဝ ပိုမိုမြင့်မားတိုးတက်ရေး ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားတိုးတက်လာသည့်အတွက် လျှပ်စစ်ဓာတ်အားအသုံးပြုမှု ပိုမိုများပြားလာသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို လိုက်လျောညီထွေ ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်က စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ စီမံကိန်းများ စနစ်တကျ ချမှတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၁၉၈၈ခုနှစ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ဓာတ်အားယူနစ်သန်းပေါင်း ၂၂၂၆ ဒသမ ၄၅ သန်းသာရှိခဲ့ရာမှ ယခုအခါ ယူနစ်သန်းပေါင်း ၅၀၆၄ ဒသမ ၂၀ အသုံးပြုနိုင်နေပြီဖြစ်၍ ၂ ဒသမ ၂၇ ဆ တိုးမြှင့်စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။

လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် တပ်မတော်အစိုးရလက်ထက်တွင် ရေအားလျှပ်စစ် စီမံကိန်း ၂၈ခု၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ခြောက်ခုတို့ကို တိုးတက်တည်ဆောက်ပေးခဲ့သည်။ မဂ္ဂါဝပ် ၂၈၀ထုတ်လုပ်မည့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၇၈၀ထုတ်လုပ်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ်၄၀၀ ထုတ်ယူရရှိမည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းများ အပါအဝင် လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း ၁၁ခုကို တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ်လ ၁၉ ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားရာတွင် –

"ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အညီ လျှပ်စစ်သုံးစွဲမှုလည်း တိုးမြင့်လာလျက်ရှိသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်လာကြောင်း၊ တိုးတက်လာသည်မှာ မှန်ကန်သော်လည်း ပြည့်စုံဖူလုံမှု မရှိသေးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ကြပ်မတ်လမ်းညွှန်ပြီး လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးစီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်နေခြင်း ဖြစ်ကြောင်း"

ပြောကြားသွားသည်။

လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအကြီးစားများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းလုပ်ငန်းကြီး ၁၁ခု တည်ဆောက်ပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၉၆၀ကျော် ထပ်မံ ရရှိလာမည်ဖြစ်သည်။

ထို့အပြင် အကြီးစား၊ အလတ်စား၊ အငယ်စား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအပြင် ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ ဒီဇယ်ဆီသုံး ဓာတ်အားပေးစက်ရုံများကို နိုင်ငံတစ်ဝန်း တိုးချဲ့တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို နမ့်ခမ်းမြို့အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်၌ တည်ဆောက်လျက်ရှိသည်။ ထို့အပြင် လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီး ကောက်ကွေ့ချောင်းပေါ်၌ ကောက်ကွေ့ချောင်းရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး စိုက်ပျိုးရေသာမက လားရှိုးမြို့နေပြည်သူများ သောက်သုံးရေ ပိုမိုရရှိရေးကိုပါ အထောက်အကူပြုမည့် စီမံကိန်းဖြစ်ပေသည်။ အဆိုပါစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၀၀ကိုလည်း ထုတ်ယူရရှိမည်ဟု သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အကောင်အထည်ဖော်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်း များသည် နိုင်ငံတော်အတွက်၊ ဒေသအတွက်အရေးပါသော စီမံကိန်းများဖြစ်ပေရာ စီမံကိန်းဝန်ထမ်းများက မိမိတို့၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကောင်းများကို အခြေခံ၍ ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ မြင့်မားတိုးတက်လာရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများကို တာဝန်ရှိသူများအားလုံးက အားကြိုးမာန်တက် ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မတ်၁၂ရက်က ကမာရွတ်မြို့နယ် အမက(၁၅)မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တတိယတန်းမှ ပထမဆုရ မောင်ကိုကိုဦးအား ကျောင်းအုပ်ဆရာကြီးဦးစိန်လှိုင်က ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၃-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Consignment Account (စီးပွားစီမံ-ဒုတိယနှစ်)
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၂၃)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဘုဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၂၈)

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်

ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲဆုရသူများ စာရင်းကြေညာ

ရန်ကုန် မတ် ၂၂

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီက အခြေခံပညာ အထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာအသုံးချမှုစွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု အသီးသီးရရှိကြသော ကျောင်းသားကျောင်းသူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

အခြေခံပညာအထက်တန်းအဆင့်ကွန်ပျူတာပန်းချီပြိုင်ပွဲ

အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မသရဖူအောင် နဝမတန်းအထက(၁)လမ်းမတော်ကပထမ၊ မအေးဖြူငြိမ်း အဋ္ဌမတန်း အထက(၄)အောင်မြေသာစံက ဒုတိယ၊ မောင်ရန်နိုင်ဦး အဋ္ဌမတန်း အထက(၁) မြိတ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ရဲနိုင်စိုး အဋ္ဌမတန်း အထက(၉) မော်လမြိုင်၊ မောင်မျိုးလွင် နဝမတန်း အထက(၂) မြစ်ကြီးနား၊ မောင်မင်းပြည့်စုံ အဋ္ဌမတန်း အထက(၃)ပြည်၊ စိုင်းရွှေတင် နဝမတန်း အထက(၆)လားရှိုး၊ နော်စူစန်ချယ် အဋ္ဌမတန်း အထက(၂) ဘားအံ၊ မောင်ဆိုင်းမွန် နဝမတန်း အထက(၃)မြောင်းမြ၊ မောင်ချစ်ငြိမ်း အဋ္ဌမတန်း အထက(၂)မုံရွာ၊ မမြတ်ရွှေရည်ဝင်း နဝမတန်း အထက ကျောက်တံခါး ပဲခူး၊ မောင်သိန်းဇော်ဟိန်း အဋ္ဌမတန်း အထက(၁) လှိုင်ကော်၊ မောင်ဇွဲသူရထွန်း နဝမတန်း အထက(၂) တောင်ကြီး၊ မောင်ထွန်းမင်းသူ အဋ္ဌမတန်း အထက(၁) ဟားခါး၊ မောင်ကျော်ကိုကိုဟိန်း နဝမတန်း အထက(၃)ကျိုင်းတုံ၊ မောင်ပိုင်စိုးသူ နဝမတန်း အထက(၂)စစ်တွေတို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့်ကွန်ပျူတာပန်းချီပြိုင်ပွဲ

အခြေခံပညာအလယ်တန်းအဆင့်ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မောင်ကျော်ထက်နောင် ဆဋ္ဌမတန်း အလက(၁) ဒဂုံက ပထမ၊ မောင်ကောင်းမြတ်ထူး သတ္တမတန်း အထက(၂)စစ်တွေက ဒုတိယ၊ မောင်နိုင်အုပ်ကျော် သတ္တမတန်း အလက(၄) မော်လမြိုင်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မသက်ပုံချစ် ဆဋ္ဌမတန်း အလက(၁) ပုသိမ်၊ မောင်မျိုးသန်းအောင် ဆဋ္ဌမတန်း အထက(၃)ဘားအံ၊ မောင်ဇင်မင်းသန့် သတ္တမတန်း အလက(၄) မြစ်ကြီးနား၊ မပိုးစန္ဒီဦး ပဉ္စမတန်းအထက(၁)မြိတ်၊ မအေးသီရိစိုး သတ္တမတန်း အထက(၁၆) ချမ်းအေးသာစံ၊ မောင်ညီညီကျော် ဆဋ္ဌမတန်း အလက ကျပ်ပြည့် ပခုက္ကူ၊ စိုင်းထွန်းလင်းကျော် ပဉ္စမတန်း အထက(၃) တောင်ကြီး၊ မောင်ကောင်းထက်ကိုကို ဆဋ္ဌမတန်း အထက ရွှေတောင် ပဲခူး၊ မောင်စည်သူထက် ဆဋ္ဌမတန်း အလက(၃)လားရှိုး၊ မောင်မျိုးရာဇာဟိန်း သတ္တမတန်း အထက(၃) ကျိုင်းတုံ၊ မဟန်နီတင်ထွန်း သတ္တမတန်း ဒေါ်ဥဒူ အမက(မူလွန်) လှိုင်ကော်၊ မောင်ထောင်ကျင့်ထန် သတ္တမတန်း အထက(၁)ဟားခါး၊ မဖြိုးစန္ဒီဝင်း ပဉ္စမတန်း အထက(၁)မုံရွာ၊ မောင်ထက်နိုင် သတ္တမတန်း အထက ပဲနွယ်ကုန်းတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာအသုံးချမှုစွမ်းရည်ပြိုင်ပွဲ

အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲတွင် မအိယဉ်မွန် အဋ္ဌမတန်း အလက(၁)ဒဂုံက ပထမ၊ မောင်ဟိန်းထက်လင်း အဋ္ဌမတန်း အထက(၁)မြင်းခြံက ဒုတိယ၊ နန်းပွင့်ရွှေရည်ဖူး နဝမတန်း အထက(၁)ဘားအံက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဟိန်းသူညီညီ အဋ္ဌမတန်း အထက(၃) ပဲခူး၊ မောင်ဟိန်းပိုင်ထူးချစ် အဋ္ဌမတန်း အထက(၉)မော်လမြိုင်၊ မောင်မြင့်မြတ်မောင် အဋ္ဌမတန်း အထက(၆)လားရှိုး၊ မောင်မရန်ဂျတ်မျိုးအောင် နဝမတန်း အထက(၁) မြစ်ကြီးနား၊ မနိုကိုဇင် အဋ္ဌမတန်း အထက(၃)မုံရွာ၊ မောင်ဇွဲသူရထွန်း နဝမတန်း အထက(၂)တောင်ကြီး၊ မောင်ထိန်ဝင်းရာဇာ အဋ္ဌမတန်း အလက(၅)ကျိုင်းတုံ၊ မောင်စည်သူထွန်း အဋ္ဌမတန်း အလက(၁)ပုသိမ်၊ မခင်မီမီကျော် အဋ္ဌမတန်း၊ အထက(၃)စစ်တွေ၊ မောင်အောင်ပိုင်ကျော် နဝမတန်း အထက(၂)ပြည်၊ မောင်ထွန်းမင်းသူ အဋ္ဌမတန်း အထက(၁) ဟားခါး၊ မောင်ရန်နိုင်ဦး အဋ္ဌမတန်း အထက(၁)မြိတ်၊ မောင်မျိုးကိုကို၊ အဋ္ဌမတန်း အထက(၂)တောင်တွင်းကြီး၊ မဇင်မာကို နဝမတန်း အထက(၂) လှိုင်ကော်တို့က အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ မတ် ၂၇ရက် တွင် ဆုများချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများကို မိမိတို့နေထိုင်ရာဒေသနှင့် နီးစပ်ရာတိုင်း တပ်မစစ်ဌာနချုပ်များတွင် ကျင်းပမည့် နှစ်(၆၀)ပြည့်တပ်မတော်နေ့ အခမ်းအနားများ၌ ဆုများ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ပြည်သူ့အတွက် တပ်မတော်

* ပူသည် အေးသည်၊ စိုစွတ်သည်ကို
ဆိုမည် မညည်း ဝမ်းမနည်း။

* ခွဲရက်တာရှည်၊ နှစ်ပတ်လည်တိုင်
မျက်ရည်လွမ်းဖျား မကျအား။

* တစ်စက်မကျန်၊ နပ်မမှန်စေ
အာခံတွင်းတွက် မငဲ့ကွက်။

* ဘေးရန်ထူပြွမ်း၊ အသက်လမ်းလည်း
လျှောက်လှမ်းသည်ပင် ထိမထင်။

* အမျိုးဘာသာ၊ သာသနာနှင့်
ပြည်ရွာအရေး ဦးစားပေး။

* ဤသဘောလျှင်.....
ယခင်လည်းရှိ၊ ခုလည်းရှိ၍
နောင်ရှိဦးမည်၊ ကမ္ဘာတည်ထိ
စစ်သည်ရင်တွင်း၊ စွန့်လွှတ်ခြင်းတို့
ဆောင်ကြဉ်းယူလာ၊ ဘယ်အရာနည်း
ငါသိလို၏ ပြောပါဘိ။ ။

ကို(တက္ကသိုလ်)

● ရှေ့ဖုံး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် နံနက် ၆ နာရီတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမည့် တော်လှန်ရေးပန်းခြံသို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံအတွင်းသို့ ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်းဦးဆောင်၍ စစ်ကြောင်းမှူးဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီး အောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးဝင်းဇော် ဦးဆောင်သည့် မြဝတီစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ နံနက် ၈ နာရီ ၁၅ မိနစ်တွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။

ကြိုဆို

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ပြပွဲခင်းကျင်းပြသရေးကော်မတီဝင်များက ကြိုဆိုကြသည်။

ဦးတည်ချက် (၁၂)ရပ်ပြခန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာန ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ တပ်မတော်(ရေ)ပြခန်းနှင့် တပ်မတော်(လေ) ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ရောက်ရှိကြရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက ကြိုဆိုကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့စာပေအနုပညာပြိုင်ပွဲ ပြပွဲပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားကာ တပ်မတော်ခန်းမမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရာသီဥတု ပြောင်းလဲမှုကို ထိရောက်စွာဖြေရှင်းရန် ချမ်းသာသော ရှစ်နိုင်ငံအုပ်စုမှ ဝန်ကြီးများအား တိုက်တွန်း

ဒါဘီ(အင်္ဂလန်) မတ် ၂၀

ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရန်အတွက် ထိရောက်သောဆောင်ရွက်ချက်များ ပိုမိုလုပ်ဆောင်ရန် စက်မှုရှစ်နိုင်ငံ အုပ်စု(ဂျီ-၈)မှ ဝန်ကြီးများကို ကျွမ်းကျင်သူများနှင့် သိပ္ပံပညာရှင်များက သောကြာနေ့၌ တိုက်တွန်းလိုက်ကြသည်။

ဒါဘီ၌ ကျင်းပသော ဂျီ-၈ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေး အစည်းအဝေးသို့ ဂျီ-၈နိုင်ငံများမှ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဝန်ကြီးများနှင့်အတူ ရာသီဥတု ပြောင်းလဲမှုနှင့် အာဖရိက၌ တရားမဝင် သစ်ခုတ်လှဲသည့်ကိစ္စများ ကိုဆွေးနွေးရန် သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်အတတ်ပညာရှင်များကို ဖိတ်ခေါ်ခဲ့သည်။

ဖော်ပြထား

ချမ်းသာသော နိုင်ငံများ အုပ်စု (ဂျီ-၈)တွင် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊အမေရိကန် ပြည်ထောင်စုနှင့် ရုရှားတို့ပါဝင်ကြပြီး ဂရင်းပိစ်၊ ကမ္ဘာ့မြေမိတ်ဆွေများနှင့် ကမ္ဘာလုံးဆိုင်ရာ မျက်မြင်သက်သေများ အဖွဲ့တို့ ပါဝင်သော အင်န်ဂျီအို ၁၀နိုင်ငံက ထုတ်ပြန်ချက်တွင် နောက်ထပ် သုတေသနပြုချက်နှင့် အကဲဖြတ်ချက်များကို အကောင်အထည်ဖော်သည်အထိ တိုင်အောင် ခိုင်မာသော လုပ်ဆောင်ချက်များကို ဂျီ-၈အား ရွှေ့ဆိုင်းစေတော့မည် မဟုတ်ကြောင်း ဖော်ပြထားသည်။

ပြောကြား

အာဖရိကတိုက်သည် မိုးခေါင်ခြင်း၊ သစ်တောပြုန်းတီးခြင်းတို့နှင့် ကြုံနေကြရပြီး ထိုပြဿနာကို အရေးတကြီးဖြေရှင်းရန် လိုအပ်ကြောင်း ဗြိတိသျှ အင်န်ဂျီအိုအဖွဲ့ဝင် ဆာရာ ဟာထရိဘီက သတင်းစာရှင်းပွဲ၌ ပြောကြားသည်။

ဆောင်ရွက်သွားကြရမည်

အာဖရိကတွင် ရာသီဥတုပြောင်းလဲမှုပြဿနာကို အလေးပေးဆောင်ရွက်ရန် ကောင်းသော်လည်း ဂျီ-၈ နိုင်ငံများသည် သုတေသနပြုမှုကိုသာ စူးစိုက်မနေကြဘဲ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဟု ဆာရာဟာထရိဘီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံအတွင်းအလုပ်အကိုင်များဖန်တီးပေးရန် ဗီယက်နမ်အစိုးရ အစီအစဉ်များ ချမှတ်ဆောင်ရွက်

ဟန္နိုင်း မတ် ၂၀

ဗီယက်နမ်အစိုးရသည် နိုင်ငံအတွင်း အလုပ်လက်မဲ့လူငယ်များ တိုးပွားလျက်ရှိရာ အလုပ်အကိုင် ဖန်တီးပေးရန် အလေးအနက် စဉ်းစားလျက်ရှိကြောင်း ဗီယက်နမ်သတင်းစာက သောကြာနေ့၌ ဖော်ပြသည်။

ဗီယက်နမ်အစိုးရသည် ယခုမှစပြီး ၂၀၁၀ အထိ နိုင်ငံတစ်ဝန်းမှ လူငယ်အလုပ်သမား ၁၁ ဒသမ ၁သန်းကို နှစ်စဉ်အလုပ်အကိုင်များ ဖန်တီးရှာဖွေပေးမည်ဖြစ်ကြောင်း၊ နှစ်စဉ် လူငယ်အလုပ်သမား တစ်သန်းခန့် တိုးလာမည်ဖြစ်ကြောင်း သိရသည်။

မဟာဗျူဟာတစ်ရပ်အရ လူငယ်အလုပ်သမားငါးသန်းသည် စက်မှုဇုန်များတွင် အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ သုံးသန်းမှာ ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်အစိုးရသည် မြို့ပြနေလူငယ်များ အလုပ်အကိုင်မရှိမှု နည်းလာစေရေး၊ ကျေးလက်ဒေသများတွင် အလုပ်ချိန်တိုးလာပြီး ဝင်ငွေကောင်းလာကြစေရေး၊ လူငယ်လူသားအရင်းအမြစ်များ ယှဉ်ပြိုင်တိုးတက်လာရေးတို့အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက် ရှိသည်။ မြို့ပြနေ လူငယ် ၈ ဒသမ ၃ရာ ခိုင်နှုန်းနှင့် ကျေးလက်နေလူငယ် ၃ရာ ခိုင်နှုန်း အလုပ်လက်မဲ့ဖြစ်နေကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တိုကျိုမြို့တွင် အီရတ်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြ

တိုကျို မတ် ၂၀

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်ခဲ့မှုနှစ်နှစ်ပြည့်နှင့် ဂျပန်တပ်ဖွဲ့ဝင်များ အီရတ်သို့ စေလွှတ်မှုနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံ တိုကျိုမြို့ လမ်းမများပေါ်တွင် စနေနေ့က လူထောင်ပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် လာရောက်လည်ပတ်စဉ် လူ ၄၅၀၀ ခန့်ကလည်း တိုကျိုမြို့တွင် ဆန့်ကျင်ဆန္ဒပြခဲ့ကြကြောင်း ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကင်တာကာဒါက ပြောကြားသည်။

အီရတ်တွင် ရောက်ရှိနေသော ဂျပန်တပ်ဖွဲ့ဝင်များကိုရုပ်သိမ်းရန်နှင့် အီရတ်နိုင်ငံအား ဆက်လက်ကျူးကျော်ထားမှုကိုရပ်တန့်ရန်လည်း တာကာဒါက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

ဂျပန်နိုင်ငံအစိုးရသည် ဖြစ်ပေါ်လာနိုင်စရာရှိသော ငလျင်များ၏ ဘေးအန္တရာယ်ကိုရင်ဆိုင်ရန် ဆောင်ရွက်လျက်ရှိရာ တိုကျိုမြို့လယ်ကောင် မြေအောက်၌ တည်ဆောက်လျက်ရှိသော လိုဏ်ခေါင်းတစ်ခုကို မတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဝလွန်သူများ ဆီးချိုရောဂါဖြစ်ရန် အဆ ၈၀ ပို၍အလားအလာရှိ

လန်ဒန် မတ် ၂၀

အဝလွန်သူများသည် ဆီးချိုရောဂါဖြစ်ရန် အဆ ၈၀ ပို၍ အလားအလာရှိကြောင်း ကျန်းမာရေးကူညီမှုအသင်းက သောကြာနေ့၌ပြောကြားလိုက်သည်။

ဗြိတိန်နိုင်ငံတွင် အဝလွန်နှုန်း လျင်မြန်စွာ ကြီးထွားနေပြီး အရွယ်ရောက်သူ ငါးဦးလျှင် တစ်ဦးသည် ဆိုးရွားသော ခန္ဓာကိုယ်အလေးချိန်ပြဿနာရှိကြောင်း သိရသည်။

အဝလွန်ခြင်းသည် ဆီးချိုရောဂါ ဖြစ်ရန် အချက်တစ်ရပ်ဖြစ်စေနိုင်ရုံသာမက ခန္ဓာကိုယ်ဖွဲ့စည်းမှုအညွှန်းကိန်း (ဘီအမ်အိုင်) ၃၀ကျော်သူများသည် နာမကျန်းဖြစ်ရန် ၁၀ ဆပို အလားအလာရှိသည်ဟု ဆိုသည်။

အဝလွန်သူတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုဘီအမ်အိုင်သည် ၃၅ကျော်ပြီး ၁၀နှစ်ကြာရှိလျှင် ပျမ်းမျှကိုယ်အလေးချိန်ရှိသူ တစ်ဦးထက် ဆီးချိုရောဂါဖြစ်ရန် အဆ ၈၀ အလားအလာရှိကြောင်း ဒိုင်ယာဘက်တစ်ယူကေ အမှုဆောင်ချုပ် ဒေါက်ဂလပ်စမောလ်ဝုဒ်ကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ကိုကန်တို့ ကျူးကျော်ဝင်ရောက်သည့် ဒုတိယနှစ်ပတ်လည်နေ့ ဥရောပတစ်ဝန်းရှိ မြို့ကြီးများတွင် ဆန့်ကျင်ဆန္ဒပြပွဲများကျင်းပ

လန်ဒန် မတ် ၂၀

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဒုတိယမြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဥရောပတစ်ဝန်းရှိ မြို့ကြီးများတွင် စစ်ဆန့်ကျင်သူ ထောင်ပေါင်းများစွာသည် စနေနေ့က စုစည်းဆန္ဒပြခဲ့ကြသည်။

ယခုဆန္ဒပြပွဲများသည် အီရတ်ကို စစ်ပွဲ မဆင်နွှဲမီတစ်လအလို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ၌ ကျင်းပခဲ့သည့် ဆန္ဒပြပွဲများနှင့်မတူဟု ဆိုသည်။ ထိုစဉ်အခါက ကမ္ဘာတစ်ဝန်းမှ လူသန်းပေါင်းများစွာသည် လမ်းများပေါ်တွင် အီရတ်အား စစ်မတိုက်ရန် သမ္မတဘုရှ်နှင့် သူ၏ အပေါင်းပါများကို တိုက်တွန်းခဲ့ကြသည်။နိုင်ငံတကာတပ်ဖွဲ့များသည် အီရတ်၌ အကြမ်းဖက်မှုများနှင့် ဆက်လက်ရင်ဆိုင် ကြုံတွေ့နေရပြီး ဆန္ဒပြသူအချို့က နိုင်ငံခြားတပ်များ အီရတ်မှ အပြည့်အဝရုပ်သိမ်းကြရန် တောင်းဆိုခဲ့ကြသည်။ အခြားသူများက နိုင်ငံတကာ တပ်ဖွဲ့များသည် အီရတ်တို့ကို အခြေအနေပိုဆိုးပြီး ထားရစ်ခဲ့မည်ဟု ပြောဆိုကြသည်။

အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်မှုအပြင် အကြမ်းဖက်မှုအပေါ် ဆင်နွှဲသည့် စစ်ပွဲ၏ အခြားအခြေခံအကြောင်းအရာများအား လန်ဒန် မြို့လယ်၌ လူ ၁၀၀၀၀၀ခန့်က စနေနေ့၌ ချီတက်ဆန္ဒပြခဲ့ကြပြီး အမေရိကန်သံရုံးအပြင်ဘက်တွင် လူသေခေါင်းတစ်လုံးကို ချထားခဲ့ကြသည်ဟု ဆန္ဒပြပွဲကျင်းပသူများက ပြောကြားသည်။

တောင်းဆိုခဲ့

ထို့ပြင် ဆန္ဒပြသူများက ဗြိတိသျှတပ်ဖွဲ့ဝင်များကို အီရတ်မှ ခေါ်ယူရန် ဝန်ကြီးချုပ် တိုနီဘလဲအား တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြပွဲ အစီအစဉ်ကို ဟိုဒ်ပတ်ခ်၌ မွန်းလွဲ ၁ နာရီ၌ စတင်ခဲ့ပြီး ထရာဖာလ်ဂါရင်ပြင်၌ အဆုံးသတ်ခဲ့သည်။ ထိုထရာဖာလ်ဂါ ရင်ပြင်၌ စစ်ဆန့်ကျင်ရေး စည်းရုံးလှုံ့ဆော်သူများ ပြောကြားသော မိန့်ခွန်းများကိုဆန္ဒပြသူများက နားထောင်ခဲ့ကြသည်။

ထူထောင်ခဲ့

စစ်ဆန့်ကျင်ရေးဆန္ဒပြသူများသည် သီတင်းပတ်ကြာ ဆန္ဒပြပွဲများ၏ ပြင်ဆင်မှု အစိတ်အပိုင်းအဖြစ် ထရာဖာလ်ဂါး ရင်ပြင်၌ ငြိမ်းချမ်းရေးစခန်းကို ဗုဒ္ဓဟူးနေ့တွင် စတင်ထူထောင်ခဲ့ကြသည်။

ဤငြိမ်းချမ်းရေးစခန်းက အီရတ်ကို စစ်ပွဲဆင်နွှဲရန်နှင့် အပြစ်မဲ့ပြည်သူထောင်ပေါင်းများစွာကို သေဆုံးစေသည်အထိ ဖြစ်စေခဲ့သော စစ်လှုံ့ဆော်ရေးမူဝါဒများ၊ အကြမ်းဖက်ကျူးကျော် တိုက်ခိုက်မှုများတို့နှင့် ကွဲပြားခြားနားသည့် ငြိမ်းချမ်းရေးတစ်ရပ်ရှိသော မိမိတို့၏ သဝဏ်လွှာများကို ထင်ဟပ်ဖော်ပြမည်ဖြစ်ကြောင်း နျူကလီးယားလက်နက် ဖျက်သိမ်းရေးစည်းရုံးလှုံ့ဆော်မှုအဖွဲ့ (စီအင်န်ဒီ) အမျိုးသမီးဥက္ကဋ္ဌ ကိတ်တာ့ဒ်ဆွန်က ပြောကြားသည်။

ဆက်လက်ဖြစ်ပေါ်နေသော အီရတ်နိုင်ငံအား သွေးစွန်းသောသိမ်းပိုက်မှု အဆုံးသတ်စေရန် မိမိတို့တောင်းဆိုကြောင်းလည်း ၎င်းက ပြောဆိုသည်။

(အင်တာနက်)

တောင်ကိုရီးယား နိုင်ငံ ဆိုးလ်မြို့တော်တွင် ကျင်းပသော အမေရိကန် ဆန့်ကျင်ရေး လူထုစည်းရုံးလှုံ့ဆော်ပွဲတွင် အမေရိကန် သမ္မတ၏ ရုပ်ပုံကို ကိုင်ဆောင်ကာ မတ် ၂၀ရက်က ဆန္ဒပြကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ပြခန်းများစစ်ဆေး စစ်ကြောင်းကြီးများအတွက် သား၊ငါးစည်သွပ်ဘူးများလှူဒါန်း

ရန်ကုန် မတ် ၂၂

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ရောက်ရှိ၍ နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများအတွက် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ သား၊ ငါးစည်သွပ်ဘူး ၅၀၀၀ ကို လှူဒါန်းသည်။

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် စစ်သမိုင်းပြတိုက်တွင် တပ်မတော်နေ့၌ ခင်းကျင်းပြသမည့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ပုံစံငယ်များနှင့် နိုင်ငံတော်အကြီးအကဲ၏ သား၊ ငါးကဏ္ဍဆိုင်ရာ လမ်းညွှန်ချက်၊ ဝန်ကြီးဌာန၏ လုပ်ငန်းရည်မှန်းချက် ပြကွင်း၊ ပြကွက်များကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ဦးစီးဌာနနှင့် လုပ်ငန်းများအလိုက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ရှင်းလင်းပြသပြီး ဝန်ကြီးက ထပ်မံ ဖြည့်စွက်ဆောင်ရွက်သင့်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၃-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)
၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
- ၈:၂၀ ၈။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၀ ၅။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ ခုနှစ်)
- ၁၇:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၇:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၁၇:၃၀ ၈။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၉။ **"ကုသမနေး တီဘီဘေး"** (ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး) ဒါရိုက်တာ–ပန်းချီစိုးမိုး
- ၁၇:၅၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၁။ Discovery
- ၁၈:၁၅ ၁၂။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ ငယ်စဉ်အခါ ပညာရှာ
- ၁၉:၁၅ ၁၆။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲ
- ၁၉:၃၀ ၁၇။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
- ၁၉:၄၅ ၁၈။ ပြည်သူ့အတွက်တပ်မတော် **"ကျန်းမာရေး၊ သိပ္ပံနည်းပညာ၊ မှူးယစ်၊ ပညာရေး"**
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နွေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း–၁)
- ၂၃။ **မမှောင်သောအလင်း** (အပိုင်း–၁၄) **"ဘဝကိုပြောင်းစေနိုင်သော အကြံကောင်းလေးတစ်ချက်"** (ဖိုးသောကြာ၊ဗိုကျိက်၊ မေသဉ္ဇာဦး၊ ရတနာဦး၊ ပွင့်နဒီမောင်၊ သူသူဟံသာ) ဒါရိုက်တာ–သက်တင်

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြု

သူရဲကောင်းများ ထွန်းကားသည် ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၂

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **'သူရဲကောင်းများ ထွန်းကားသည်'** ရုပ်မြင်သံကြားဇာတ်လမ်းကို ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်း ရေးသား၍ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုး ရိုက်ကူးပြီး သရုပ်ဆောင်များအဖြစ် အကယ်ဒမီကျော်သူ၊ အကယ်ဒမီဇင်ဝိုင်း၊ ထပ်ဆင့်အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထပ်ဆင့်အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာတို့နှင့် အခြားသရုပ်ဆောင်ပေါင်းများစွာတို့ ပါဝင်သရုပ်ဆောင် ရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းကို အပိုင်းသုံးပိုင်းခွဲ၍ မတ် ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက် ည ရုပ်မြင်သံကြားသတင်းများအပြီးတွင် မြဝတီရုပ်မြင်သံကြားအစီအစဉ်မှ လည်းကောင်း၊ မတ် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်ည ရုပ်မြင်သံကြားသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ လည်းကောင်း ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဗို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲတိုးတက်နေသည့်ပညာရပ်များ မျက်ခြည်မပြတ် ဆက်လက်ဆည်းပူး ကြိုးစားဆောင်ရွက်

ရန်ကုန် မတ် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် ပုံနှိပ်အတတ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၀၅)ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ် ဖြစ်သည်နှင့်အညီ နိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပညာလိုလားသူများ စဉ်ဆက်မပြတ် ပညာဆည်းပူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပုံနှိပ်လုပ်ငန်းသည် အဓိကပံ့ပိုးပေးရသည့် အခန်းကဏ္ဍတွင် တည်ရှိနေကြောင်း၊ ထို့ကြောင့် ပုံနှိပ်အတတ်ပညာရှင်များ၊ မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပေးလိုက်သည့် ပုံနှိပ်အတတ်ပညာများကို အခြေခံ၍ လုပ်ငန်းခွင်တွင် အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အလားတူ အချိန်နှင့် တစ်ပြေးညီ ပြောင်းလဲတိုးတက်ဖြစ်ထွန်းနေသည့် ပညာရပ်များကိုလည်း မျက်ခြည်မပြတ် ဆက်လက်ဆည်းပူး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်အား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပုံနှိပ်အတတ်ပညာ သင်တန်းအမှတ်စဉ်(၁/၂၀၀၅)သို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သမဝါယမ ဝန်ကြီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

ဓမ္မာနုပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၂

ရခိုင်ပြည်နယ် သံတွဲခရိုင် ပုဇွန်ဖြေကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဓမ္မာနုပဿနာ ခုနစ်ရက် တရားစခန်းပွဲကို မတ် ၂၃ ရက် ညမှ ၃၁ ရက် နံနက်အထိ ဓမ္မဒူတ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဓမ္မဒူတ အရှင်အာစိဏ္ဏ(ဟသ်ာတ) ဆရာတော်က ဟောကြားမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် မတ် ၂၃ ရက် ညနေ ၆ နာရီအရောက် လာရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

အစွမ်းအစရှိသော မန်နေဂျာတစ်ဦး ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၂

တူဒေးစာနယ်ဇင်း ထုတ်ဝေရေးလီမိတက်၏ စီစဉ်မှု၊ Decolgen, Enervon-C နှင့် Nutroplex တို့၏ ပံ့ပိုးမှုဖြင့် ကျင်းပခဲ့သော **'အစွမ်းအစရှိသော မန်နေဂျာတစ်ဦးအဖြစ်သို့'** ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ်၁၉ ရက်က ရန်ကုန်မြို့ Grand Plaza ParkRoyal, Ballroom တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဆရာ ဦးရဲမြင့် (ရဲမြင့်–စွန့်ဦးတီထွင်)က မန်နေဂျာကောင်းတစ်ဦးဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောပြီး တက်ရောက်လာသူများ၏ မေးခွန်းများကို ပြန်လည် ဖြေကြားပေးသည်။

တူဒေးစာနယ်ဇင်း ထုတ်ဝေရေးလီမိတက်အနေဖြင့် ဟောပြော ဆွေးနွေးပွဲများကို ၂၀၀၃ ခုနှစ်မှ စတင်စီစဉ်ကျင်းပလျက်ရှိရာ ယခုအခါ ကိုးကြိမ်ကျင်းပခဲ့ပြီး ဖြစ်သည်။ ယခုဟောပြောပွဲသည် ၂၀၀၅ ခုနှစ်အတွက် ပထမဆုံးကျင်းပသော ဟောပြောပွဲဖြစ်ပြီး ယခုပွဲတွင် ဆရာ ဦးရဲမြင့် ဟောပြောသည့် အချက်အလက်အပြည့်အစုံကို တူဒေးစာနယ်ဇင်း ထုတ်ဝေရေးလီမိတက်၏ လစဉ်ထုတ်ဖြစ်သော Life Style Today စာစုမဂ္ဂဇင်းတွင် ဖော်ပြသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၅ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှောကတ် အဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမဋ္ဌကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်းစဉ်)

✡ ***ကျောဖုံးမှ***

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ၊ ပြည် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်း ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်

ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်း ပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူ လယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယား ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

သား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်ကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် အစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကြည်တင့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဘိုသိန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ် အစုအဖွဲ့မှ ဒေါက်တာ သိန်းညွန့် (ညွန့်ဝေ – ကသာ)၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ရှိပြီး ၁၀၇၁ ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၇ ကော်လံ ၁

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အစုအဖွဲ့၌ ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးခင်မောင်အေးက ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်မှ ဦးစောသန်းအောင်နှင့် ဦးမန်းတင်မောင်(ခေါ်)ဦးမန်းမျိုးညွန့်တို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ် ၂၃ ရက် နံနက် ၉ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးစောသန်းအောင်က ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ကိုးကန့် ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးခင်မောင်အေးက ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကိုဖတ်ကြားစဉ်။ (သတင်းစဉ်)

'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ် က 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင် (ခ) ဦးမန်းမျိုးညွန့်က ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၂၂

ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ၂၀၀၅ ခုနှစ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ကျင်းပရာ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တိုင်း၊ ခရိုင် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကားပြောကြား၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်အောင်မင်းက အမှာစကားဆက်လက်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထက်ပါ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းမှ ကြီးမှူးဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများကို ယခုမတ်လအတွင်း၌ နေရာ ၂၀၇၄ နေရာတွင် သင်တန်းသား သင်တန်းသူ ၁၂၅၂၈၀ ဦးဖြင့် ပထမအသုတ်အဖြစ် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး မေလအတွင်း၌လည်း နေရာ ၅၁၂ နေရာတွင် သင်တန်းသား သင်တန်းသူ ၁၂၃၈၉၈ ဦးဖြင့် ဒုတိယအသုတ်အဖြစ် ဆက်လက် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် နှစ်ဦးအကြို တပေါင်းလ ဂေါက်ရိုက်ပြိုင်ပွဲကို မတ် ၂၇ရက် နံနက်၅ နာရီခွဲတွင် မြန်မာနိုင်ငံဂေါက်ကွင်း ၉ မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲနွယ်ကုန်းမြို့ ရှမ်းရွာကြီးရှေးဟောင်းရွှေကျောင်းတော်ကြီး တတိယအကြိမ် ဗုဒ္ဓစွယ်တော်မြတ် ပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၂၂

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ ရှမ်းရွာကြီး ရှေးဟောင်းရွှေကျောင်းတော်ကြီးတွင် စံပယ်တော်မူသော ဗုဒ္ဓစွယ်တော်မြတ်အား ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (မတ် ၃၀ ရက်)ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီတွင် သံဃာတော်များက အနေကဇာတင်ပူဇော်ပြီး နံနက် ၇ နာရီတွင် လှူဒါန်းမှုအစုစုအား ရေစက်ချတရားနာကာ နံနက် ၈ နာရီတွင် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။ တတိယအကြိမ် မြတ်ဗုဒ္ဓစွယ်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၆၊၇၊၈ ရက် (မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ) သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ အလှူဒါယကာ ဒါယိကာမအပေါင်းအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ယောနယ်ဒေသမှဘွဲ့ခံဆရာတော်ကြီးများအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

ရန်ကုန် မတ် ၂၂

နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်အပ်နှင်းခြင်းခံရသော ယောနယ်ဒေသမှ ဘွဲ့ခံဆရာတော်ကြီး သုံးပါးတို့အား ယောနယ်အသင်း(ရန်ကုန်)ကကြီးမှူး၍ အသင်းသူအသင်းသားများနှင့် ယောနယ်သူနယ်သားများ စုပေါင်းချီးကျူးပူဇော်ပွဲကို မတ်၂၅ရက်(သောကြာနေ့) မွန်းလွဲ၂ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း၄၀၊ အမှတ်၂၀၂ ဒုတိယထပ်ရှိ ယောနယ်အသင်းတိုက်၌ ကျင်းပပူဇော်သွားမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ ယောနယ်သူ နယ်သားများ တက်ရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လှော်ကားဥယျာဉ် တပေါင်းလပြည့်နေ့ဖွင့်မည်

ရန်ကုန် မတ် ၂၂

ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူ လှေလာနိုင်ရန် သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို မတ်၂၄ရက်(တပေါင်းလပြည့်နေ့)တွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တန်းမြင့်မြေတိုင်းပညာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တန်းမြင့်မြေတိုင်းပညာသင်တန်းအမှတ်စဉ်(၇) သင်တန်းသား ၈၈ ဦးနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်း သင်တန်းအမှတ်စဉ်(၁၄) သင်တန်းသား ၁၅၉ ဦးတို့ သင်တန်းဆင်းပွဲကို ယမန်နေ့က တိုက်ကြီးမြို့ ဗဟိုမြေစာရင်းနှင့် ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၂၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၄၀၆၅)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

ထိုသို့ တိုးပွားလာသော တပ်မတော်သားများသည် ဘီအိုင်အေသို့ ကြေးစားအဖြစ် ဝင်ရောက်လာကြခြင်း မဟုတ်ချေ။ တိုင်းရင်းသားပြည်သူတို့သည် မည်သူတစ်ဦး တစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံ့လွတ်လပ်ရေးအတွက် နယ်ချဲ့တို့ကို လက်နက်ကိုင်၍ တိုက်ပွဲဝင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် လည်းကောင်း၊ မျိုးချစ်စိတ် ပြင်းပြ ကြီးမားလှသည့် အတွက်ကြောင့် လည်းကောင်း မိမိတို့၏ဆန္ဒဖြင့် တပ်မတော်အတွင်းသို့ဝင်ရောက်ခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် ပြည်သူထဲမှ ပေါက်ဖွားလာသော တပ်မတော်၊ အမျိုးသား တပ်မတော် ဖြစ်သည်။ တပ်မတော်သည် ယင်းကဲ့သို့ သမိုင်းအစဉ်အလာရှိသော မျိုးချစ်တပ်မတော်အဖြစ် နိုင်ငံ့အကျိုးကို ယနေ့တိုင် ဆက်လက်သယ်ပိုး ထမ်းဆောင်လျက်ရှိသည်။

အင်အားကြီးမားမှုကို ဖြိုခွဲရန် စီမံလေတော့သည်။ ဖက်ဆစ်တို့သည် (B.I.A)ကဖွဲ့စည်းထားသော မြို့ပြအုပ်ချုပ်ရေးအဖွဲ့များကို ဖျက်သိမ်းခြင်း၊ (B.I.A)၏ စစ်ရေးဆိုင်ရာများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ နောက်ဆုံးလွတ်လပ်ရေးအတုကို ကြေညာပြီး (B.I.A)ကိုဖျက်သိမ်း၍ အင်အား ၃၀၀၀မျှသာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော် (B.D.A)ကိုပြင်ဆင်ဖွဲ့စည်းစေခဲ့သည်။ အကြောင်းရင်းမှာ (B.I.A)သည် လွတ်လပ်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမချင်း ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် မည်သည့်နိုင်ငံခြားတပ်နှင့် မည်သည့်နယ်ချဲ့အစိုးရကိုမဆို အချိန်မရွေး တော်လှန်တိုက်ခိုက်နိုင်စွမ်းရှိသည်ဟု ဖက်ဆစ်တို့ မျက်မြင်ကိုယ်တွေ့သိရှိထားသဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A)၏ အင်အားကို လျှော့ချလိုက်ခြင်းဖြစ်သည်။ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (B.D.A)ကို ဖွဲ့စည်း

လက်ယာ အယူကွဲနေကြသော နိုင်ငံရေးပါတီ
ဖြစ်ကြသည့် ပြည်သူ့အရေးတော်ပုံပါတီ
ကွန်မြူနစ်ပါတီတို့ကလည်း ဖက်ဆစ်တိုက်ဖျက်
ပြည်သူ့ အဖွဲ့ချုပ်ဖွဲ့စည်းပြီး တပ်မတော်နှင့်
ပူးပေါင်း လျက် ဖက်ဆစ်တို့ကို တွန်းလှန်ရန်
ခဲ့သည်။
ထို့နောက် ၁၉၄၅ခုနှစ် မတ်လ ၁ရက်
၃ရက်နေ့အထိ ကျင်းပသော ဖက်ဆစ်တော်
ရေးနှင့်ပတ်သက်သည့် အစည်းအဝေးတစ်ရ
"ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်"
"ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်
အဖွဲ့ချုပ်" ဟု ပြင်ဆင်ဖွဲ့စည်းလိုက်ပြီး ဖက်
တော်လှန်ရေး ဆင်နွှဲရန် စစ်တိုင်းများခွဲ
စစ်နယ်မြေများသတ်မှတ်ခြင်း၊ စစ်ရေးနှင့် နိုင်ငံ
ခေါင်းဆောင်များ ရွေးချယ်ခြင်းစသည်တို
ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။
ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် စစ်တိုင်း
များအဖြစ် ပြည်၊ သာယာဝတီ၊ အင်းစိန်ဒေသ

လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်

မြန်မာ့သမိုင်းဖြစ်စဉ်များတွင် တပ်မတော် အင်အားရှိသောကာလများ၌ နိုင်ငံ့အင်အားရှိခဲ့ကြောင်း၊ တပ်မတော် အင်အားလျော့နည်းကျဆင်းခဲ့သောကာလများတွင် နိုင်ငံအင်အား ယုတ်လျော့ပြီး တိုင်းတစ်ပါးနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရကြောင်း လေ့လာတွေ့ရှိခဲ့ရပြီး ဖြစ်သည်။

၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နယ်ချဲ့ဗြိတိသျှတို့က မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားညီအစ်ကိုများသည် မြန်မာ့ပိုင်နက် နယ်မြေသို့ နယ်ချဲ့တို့ ကျူးကျော်ဝင်ရောက်လာသည့် ၁၇ရာစုနှစ်ဝန်းကျင်ခန့်ကပင် နယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ၁၉ရာစု နှောင်းပိုင်းတွင် နယ်ချဲ့ ဗြိတိသျှတို့ လက်အောက်သို့ ကျရောက်ခဲ့သော် လည်း တိုင်းရင်းသား ညီအစ်ကိုတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ပြည့်ဝစွာဖြင့် မိမိတို့ဒေသအသီးသီးမှ နယ်ချဲ့များကို တွန်းလှန်ခဲ့ကြသည်။ တစ်နေရာနှင့်တစ်နေရာလမ်းခရီးဝေးလံမှု၊ ဆက်သွယ်ရေးမလွယ်ကူမှုတို့ကြောင့် တိုင်းရင်းသားညီအစ်ကို အချင်းချင်း စုစည်းနိုင်မှု မရှိခဲ့ချေ။ ထို့ကြောင့် နယ်ချဲ့တို့ကို တွန်းလှန်ရာတွင် တစ်နယ်တွင် အောင်မြင်သော်လည်း တစ်နယ်တွင် မအောင်မြင်ခဲ့ပေ။

မြန်မာတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်ကို သိရသဖြင့် နယ်ချဲ့တို့က တိုင်းရင်းသားများကို စုစည်းမှု မပြုနိုင်ရေးအတွက် သွေးခွဲအုပ်ချုပ်နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သောကြောင့် တိုင်းရင်းသား ညီအစ်ကိုများ စုစည်း၍ မရနိုင်ဘဲ မိမိတို့ဒေသ လုံခြုံရေးအတွက်သာ အစဉ်တစိုက် ကြိုးပမ်းခဲ့ကြရသည်။

နယ်ချဲ့လက်အောက် နှစ်ပေါင်း၁၀၀ကျော် ကျရောက်ခဲ့ရသည့် ကာလအတွင်း တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲစဉ်ကြီးများကို ဒေသအလိုက်၊ ကာလအလိုက် နည်းမျိုးစုံဖြင့် ဆင်နွှဲခဲ့ကြသည်။ ထိုသမိုင်းအတွေ့အကြုံများအရ မြန်မာနိုင်ငံတစ်နိုင်ငံလုံး သူ့ကျွန်ဘဝက လွတ်မြောက်ရေးအတွက် နယ်ချဲ့တို့ကို တစ်နယ် တစ်ဒေသချင်းက တွန်းလှန်နေရုံမျှဖြင့် မအောင်မြင်နိုင်ဘဲ စုစည်းမှုအင်အား ကောင်းသော၊ တိုင်းရင်းသားညီအစ်ကိုများစုပေါင်း ပါဝင်သော ခေတ်မီတပ်မတော်တစ်ရပ် ဖွဲ့စည်းပြီး တစ်ချိန် တည်းတစ်ပြိုင်တည်း နယ်ချဲ့တို့ကို တွန်းလှန်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရှိလာခဲ့ကြသည်။

ထို့ကြောင့် တိုင်းရင်းသားလူငယ်များ စုစည်းပါဝင်သော ရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်းသို့ စစ်ပညာသင်ရန် သွားရောက်ခဲ့ကြသည်။ ၎င်းနောက် ရဲဘော်သုံးကျိပ်သည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် မြန်မာ့လွတ်လပ်ရေးအတွက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A) ကို ဖွဲ့စည်းခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ရာ လမ်းတစ်လျှောက်တွင် တိုင်းရင်းသားပြည်သူများသည် နိုင်ငံရေးအသိနိုးကြားစွာဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်လာကြသည်။ ထိုအချိန်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ အလုပ်သမားများ၊ လယ်သမားများ၊ ကျောင်းဆရာများ၊ လူငယ်လူရွယ်များ၊ အချို့ သံဃာတော်များပင် လူဝတ်လဲ၍ ဝင်ရောက်ခဲ့ရာ အင်အား သုံးသောင်းကျော်အထိ တိုးပွားလာခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မော်လမြိုင်ကို သိမ်းပိုက်ပြီးနောက် ၁၉၄၂ခုနှစ် မတ်လ ၈ရက်နေ့တွင် ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ဤတွင် ဖက်ဆစ်တို့တစ်စခန်းထလာခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်အတူ မြန်မာပြည်အတွင်းသို့ ဝင်ရောက်ခဲ့သော ဖက်ဆစ်တို့သည် မော်လမြိုင်ကိုသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးပေးမည်ဟူသော ကတိစကားကို ဖျက်တော့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်အင်အားကြီးမားလာမှုကို ထိတ်လန့်လာသည်။

ဖက်ဆစ်တို့သည် မူလကပင် မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်နယ်ချဲ့နေရာယူ ကြီးစိုးရန် အကြံအစည်ရှိခဲ့ရာ ဗမာ့လွတ်လပ်ရေး တပ်မတော်

ခဲ့သည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် လိုက်ပါလာခဲ့ကြသည့် လူငယ်အချို့မှာ တပ်မတော်တွင် ဝင်ရောက်စစ်မှုထမ်းခွင့် မရတော့သဖြင့် ဝမ်းနည်းကြေကွဲစွာ နေရပ်ပြန်ကြရသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ခေါင်းဆောင်များသည် တပ်မတော်ကို အရည်အသွေးမြင့်မားစေရန်၊ အင်အားကျစ်လျစ် ခိုင်မာစေရန်၊ အခက်အခဲများကြားကပေးလာသည့် အခြေအနေပေါ်တွင် ကြိုးစားတည်ဆောက်ခဲ့ကြသည်။ မြန်မာတိုင်းရင်းသားအားလုံးသည် ယခင်က မရှိခဲ့ဖူး၊ မတွေ့မမြင်ခဲ့ရဖူးသည့် အမျိုးသားတပ်မတော်တစ်ရပ်အတွက် အားခဲမျှော်လင့်ခဲ့ကြသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလူငယ်တို့သည် နိုင်ငံအတွက် ၎င်းတို့အသက်ကို ပေးလှူပါမည်ဟူသော ခံယူချက်ဖြင့် တပ်မတော်ထဲဝင်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ တိုးပွားလာသော တပ်မတော်သားများသည် ဘီအိုင်အေသို့ ကြေးစားအဖြစ် ဝင်ရောက်လာကြခြင်း မဟုတ်ချေ။ တိုင်းရင်းသားပြည်သူတို့သည် မည်သူတစ်ဦး တစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံ့ လွတ်လပ်ရေးအတွက် နယ်ချဲ့တို့ကို လက်နက်ကိုင်၍ တိုက်ပွဲဝင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် လည်းကောင်း၊ မျိုးချစ်စိတ်ပြင်းပြ ကြီးမားလှသည့် အတွက်ကြောင့် လည်းကောင်း မိမိတို့၏ဆန္ဒဖြင့် တပ်မတော် အတွင်းသို့ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။ထို့ကြောင့် တပ်မတော်သည် ပြည်သူထဲမှ ပေါက်ဖွားလာသော တပ်မတော်၊ အမျိုးသား တပ်မတော် ဖြစ်သည်။ တပ်မတော်သည် ယင်းကဲ့သို့ သမိုင်းအစဉ်အလာရှိသော မျိုးချစ် တပ်မတော်အဖြစ် နိုင်ငံ့အကျိုးကို ယနေ့တိုင် ဆက်လက်သယ်ပိုး ထမ်းဆောင် လျက်ရှိသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေး တပ်မတော်ဟု ပြောင်းလဲဖွဲ့စည်းခဲ့သဖြင့် တပ်မတော်အတွင်း၌ လူအင်အားလျော့နည်းသွားခဲ့သော်လည်း ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်၊ လွတ်လပ်ရေးကို မဖြစ်မနေရယူလိုသော မျိုးချစ်စိတ်ဓာတ်တို့ကား တပ်မတော်အတွင်း တစ်စတစ်စကြီးထွားလာခဲ့သည်။ ၎င်းကို ဖက်ဆစ်တို့က ရိပ်စားမိသဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော်မှ အရာရှိများကိုပင် အကွက်ဆင်၍ ဖမ်းဆီးနှိပ်စက်လေတော့သည်။ ထိုကာလအတွင်း ဖက်ဆစ်တို့၏ လုံ့စွပ်အောက်တွင် အသက်ဆုံးရှုံးခဲ့ရသော တပ်မတော်သားများနှင့် တိုင်းရင်းသား ပြည်သူများ၏အရေအတွက်လည်း တဖြည်းဖြည်းများလာခဲ့သည်။

ဖက်ဆစ်တို့၏ရက်စက်မှုများကို တိုင်းရင်းသားပြည်သူများ မျက်ဝါးထင်ထင် တွေ့မြင်လာသောအခါ တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့်လက်တွဲ၍ ဖက်ဆစ်တို့ကို တွန်းလှန်ရန်ပြင်ဆင်တော့သည်။ ထိုအချိန်တွင် နိုင်ငံရေးအရ လက်ဝဲ

၁၉၄၁ ခုနှစ်တွင် ကျူးကျော်သူနယ်ချဲ့တို့ကို တိုက်ထုတ်နိုင်ရန် မြန်မာ့လွတ်လပ်ရေးတပ်မတော်သားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ ပြည်သူများက ဤသို့သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

မြင့်ဝေလှိုင်

တိုင်း(၁)ဟူ၍လည်းကောင်း၊ ဟံသာဝတီ၊ ဖျ
မအူပင်ဒေသအား တိုင်း(၂) ဟူ၍ လည်းကော
ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြဒေသ အ
တိုင်း(၃)ဟူ၍ လည်းကောင်း၊ ပဲခူး၊ ရွှေက
သထုံဒေသအား တိုင်း(၄)ဟူ၍ လည်းကော
မော်လမြိုင်၊ ထားဝယ်၊ မြိတ်ဒေသအား တိုင်း
ဟူ၍လည်းကောင်း၊ ပျဉ်းမနား၊ တောင်ငူ၊
ပြည်နယ် (တောင်ပိုင်း) ဒေသအား တိုင်း(၆)
လည်းကောင်း၊ သရက်၊ အာလံ၊ မကွေး၊ မင်း
ဒေသအား တိုင်း(၇)ဟူ၍ လည်းကောင်း သတ်
ဖွဲ့စည်းခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးတွင်တိုက်ပွဲဝ

မြန်မာ့လွတ်လပ်ရေးကို ရယူရန်အတ
ဖက်ဆစ်တို့ကို တော်လှန်ရာတွင် ဒေသတ
ချင်းစီက ရှိသည့်အင်အား၊ ရှိသည့်လက်နက်
သင့်ရာအချိန်တွင် ထကြွတိုက်ခိုက်နေမည့်အ
တိုင်းရင်းသားအားလုံး တစုတစည်းတည်း
နေရာဒေသအသီးသီးတွင် တစ်ချိန်တည်းတစ်
တည်း တော်လှန်တိုက်ခိုက်ခြင်းက ထိရော
အောင်မြင်မှုရှိသည်ကို ရှေးခေတ် မြန်မာ့သ
အရ သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၄၅ ခု
မတ်လ ၂၇ ရက်နေ့တွင် တစ်ချိန်တည်းတစ်
တည်း တိုင်းပြည်နှင့်အဝန်း ဒေသအသီးသီး
ဖက်ဆစ်တော်လှန်ရေးကို စတင်ခဲ့တော့သည်။
ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာ့တပ်မ
နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ မျိုး

က်ယာ အယူကွဲနေကြသော နိုင်ငံရေးပါတီများ ကြသည့် ပြည်သူ့အရေးတော်ပုံပါတီနှင့် မြူနစ်ပါတီတို့ကလည်း ဖက်ဆစ်တိုက်ဖျက်ရေး ည်သူ့ အဖွဲ့ချုပ်ဖွဲ့စည်းပြီး တပ်မတော်နှင့်အတူ ပါင်း လျက် ဖက်ဆစ်တို့ကို တွန်းလှန်ရန် စီစဉ် ည်။

ထို့နောက် ၁၉၄၅ခုနှစ် မတ်လ ၁ရက်နေ့မှ က်နေ့အထိ ကျင်းပသော ဖက်ဆစ်တော်လှန် နှင့်ပတ်သက်သည့် အစည်းအဝေးတစ်ရပ်က က်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်"ကို က်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး ့ချုပ်" ဟု ပြင်ဆင်ဖွဲ့စည်းလိုက်ပြီး ဖက်ဆစ် ာ်လှန်ရေး ဆင်နွှဲရန် စစ်တိုင်းများခွဲခြင်း၊ နယ်မြေများသတ်မှတ်ခြင်း၊ စစ်ရေးနှင့် နိုင်ငံရေး င်းဆောင်များ ရွေးချယ်ခြင်းစသည်တို့ကို းနွေးဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် စစ်တိုင်းကြီး အဖြစ် ပြည်၊ သာယာဝတီ၊ အင်းစိန်ဒေသအား

...န်မာ့တပ်မတော်

မြင့်ဝေလှိုင်

င်း(၁)ဟူ၍လည်းကောင်း၊ ဟံသာဝတီ၊ ဖျာပုံ၊ ပင်ဒေသအား တိုင်း(၂) ဟူ၍ လည်းကောင်း၊ ဒိမ်၊ ဟသ်ာတ၊ မြောင်းမြဒေသ အား င်း(၃)ဟူ၍ လည်းကောင်း၊ ပဲခူး၊ ရွှေကျင်၊ ဝုံဒေသအား တိုင်း(၄)ဟူ၍ လည်းကောင်း၊ လမြိုင်၊ ထားဝယ်၊ မြိတ်ဒေသအား တိုင်း(၅) ၍လည်းကောင်း၊ ပျဉ်းမနား၊ တောင်ငူ၊ ရှမ်း ်နယ် (တောင်ပိုင်း) ဒေသအား တိုင်း(၆)ဟူ၍ ည်းကောင်း၊ သရက်၊ အာလံ၊ မကွေး၊ မင်းဘူး သအား တိုင်း(၇)ဟူ၍ လည်းကောင်း သတ်မှတ် ည်းခဲ့သည်။

အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော တပ်မတော်တစ်ရပ်မရှိခဲ့သဖြင့် နယ်ချဲ့တို့၏ ကျူးကျော်မှုကိုခံရပြီး ကိုယ့်အရှင် ကိုယ့်သခင် ပါတော်မူကာ သူ့ကျွန်ဘဝသို့ ကျရောက် ခဲ့ရသည်။

ပြောက်ကျားများသည် အသက်ကို ပဓာနမထားဘဲ ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ တော်လှန်ရေးကာလတစ်လျှောက်လုံးတွင် မြန်မာ့တပ်မတော်နှင့်အတူ တိုင်းရင်းသား ပြည်သူတို့ အသက်ပေါင်းများစွာ ပေးလှူခဲ့ကြရသည်။ တပ်မတော်နှင့်ပြည်သူ ပူးပေါင်း ဆောင်ရွက်မှုကြောင့် အောင်ပွဲများ ဆက်တိုက်ရရှိခဲ့သည်။

လွတ်လပ်ရေးအတွက် မြန်မာ့တပ်မတော်၏ ခံယူချက်နှင့် စပ်လျဉ်း၍ ကမ္ဘာကသိစေရန် ၁၉၄၅ ခုနှစ် မေလ ၇ ရက်နေ့နှင့် မေလ ၁၀ရက်နေ့တို့တွင် တပ်မတော်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ၌-

"မိမိတို့သည် လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကို လည်းကောင်း၊ ဖက်ဆစ်တို့ကို လည်းကောင်း နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြပြီး နောင်ကိုလည်း လုံးဝလွတ်လပ်ရေး ရရှိရေးအတွက် မြန်မာ့တပ်မတော်က အသက်စွန့်ရန် အသင့်ရှိကြောင်း" ဖြင့် ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ရခိုင်၊ ရှမ်းစသည့် မြန်မာတိုင်းရင်းသားပြည်သူတို့သည် မြန်မာ့တပ်မတော်နှင့်အတူ ဖက်ဆစ်တော်လှန်ရေးတွင် ကျရာတာဝန်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ထက်သန်စွာဖြင့် ပါဝင်ထမ်းဆောင်ခဲ့ကြသည်။ အနိမ့်ဆုံးတာဝန်အဖြစ် ကျေးရွာနယ်မြေ

ရဲဘော်သုံးကျိပ်ဝင်များ တောတွင်းတိုက်ပွဲလေ့ကျင့်နေစဉ်။

အလိုက် ဖက်ဆစ်တို့၏ စစ်ရေးလှုပ်ရှားမှုသတင်းများကို တပ်မတော်သို့ပေးပို့ခဲ့ကြသဖြင့် တပ်မတော်သည် ဖက်ဆစ်တို့၏ စစ်ချီရာလမ်းကြောင်းများကို ပြောက်ကျားစနစ်ဖြင့် ဖြတ်တောက်တိုက်ခိုက်ခြင်း၊ ဖက်ဆစ်တို့၏ တပ်စခန်းများအား အလစ်အငိုက်ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းတို့ကြောင့် ဖက်ဆစ်တို့သည် လူသူလက်နက် အကျအဆုံးများစွာရှိခဲ့သည်။တပ်မတော်နှင့်ပြည်သူတို့၏စည်းလုံးညီညွတ်မှုစွမ်းပကားကို လေးစားကြောက်ရွံ့ခဲ့ကြသည်။

မြန်မာ့တပ်မတော်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ပြည့်ဝစွာဖြင့် ဖက်ဆစ်တော်လှန်ရေးကို ရဟန်းရှင်လူပြည်သူတို့နှင့်အတူ အောင်မြင်စွာဆင်နွှဲနိုင်ခဲ့ ခြင်းကို နယ်ချဲ့ဗြိတိသျှတို့ကလည်း အလေးထား စိုးရွံ့လာခဲ့ကြသည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးအပြီးတွင် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသော နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား ယခင်ကကဲ့သို့ ကျွန်သက်ရှည်စွာ အုပ်ချုပ်ရန် မစွမ်းသာတော့ပေ။ အမျိုးသားတပ်မတော်ကြီး တည်ရှိနေပြီး တစ်မျိုးသားလုံးက တပ်မတော်၏ ကျောထောက်နောက်ခံအဖြစ် ရပ်တည်နေခြင်းကြောင့် နယ်ချဲ့ဗြိတိသျှတို့သည် မလွဲမရှောင်သာတော့ဘဲ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ပြန်လည် ပေးအပ်ခဲ့ရခြင်း ဖြစ်ပေသည်။

မြန်မာ့လွတ်လပ်ရေးဆုံးရှုံး၍ သူ့ကျွန်ဘဝရောက်ခဲ့ရသည်မှာ လပိုင်း၊ ရက်ပိုင်းမျှသာကြာသော်လည်း မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန် အတွက် နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ရသည်။ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည်။ မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန် မြန်မာတိုင်းရင်းသားတို့ နှစ်ပေါင်းများစွာ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသော်လည်း အမျိုးသား တပ်မတော်ကြီး ထီးထီးမားမားမရှိခဲ့သဖြင့် လွတ်လပ်ရေးပန်းတိုင်သို့ရောက်ရှိရန် အလှမ်းဝေးခဲ့ကြရသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ စွမ်းရည်သုံးရပ်ပြည့်ဝသည့် တပ်မတော် တစ်ရပ်ပေါ်ပေါက်လာသောအခါတွင်မူ သုံးနှစ်အတွင်း လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သည်။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

၁၉၄၁ ခုနှစ်က ကျူးကျော်သူ နယ်ချဲ့တို့ကို တိုက်ထုတ်နိုင်ရေးအတွက် မြန်မာ့ လွတ်လပ်ရေး တပ်မတော်သားများ မြန်မာနိုင်ငံအတွင်း ဤသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

အကယ်၍ ထိုစဉ်က အမျိုးသားတပ်မတော်ပေါ်ထွန်းခဲ့ခြင်းမရှိလျှင်-

ထို့ပြင် ထိုတပ်မတော်သည် စွမ်းရည်သုံးရပ်ပြည့်ဝခြင်းမရှိခဲ့လျှင်-

ထို့အတူ ထိုတပ်မတော်တွင် တိုင်းရင်းသားညီအစ်ကိုတို့ တစုတစည်းတည်း ပါဝင်ခြင်းမရှိခဲ့လျှင်-

သူ့ကျွန်ဘဝမှ လွတ်လမ်းသည်ကား ဝေဝါးနေဦးမည်သာဖြစ်သည်။

ယနေ့ကာလတွင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာသော စွမ်းရည်သုံးရပ်ပြည့်ဝသည့် အမျိုးသားတပ်မတော်ကြီးသည် ကျစ်လျစ်ခိုင်မာစွာဖြင့် ရပ်တည်လျက် ရှိနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ပြည်သူတို့နှင့်အတူ ရယူပေးခဲ့သည့် အမျိုးသားတပ်မတော်ကြီး တည်ရှိနေသမျှကာလ ပတ်လုံး မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နိုင်ငံတော်ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုတို့ အစဉ်ရှိနေမည်ဖြစ်သည်။ မြန်မာ့တပ်မတော်သည် အတိတ်ကာလများက နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ပေးဆပ်ခဲ့သည်။ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုး အတွက် အသက်သွေး ချွေးအစဉ်မနေး ဆက်လက်ပေးဆပ်သွားမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ဖက်ဆစ်တော်လှန်ရေးတွင်တိုက်ပွဲဝင်နေကြသော မျိုးချစ်တပ်မတော်သားများ။

မြန်မာ့လွတ်လပ်ရေးကို ရယူရန်အတွက် ်ဆစ်တို့ကို တော်လှန်ရာတွင် ဒေသတစ်ခု းစီက ရှိသည့်အင်အား၊ ရှိသည့်လက်နက်ဖြင့် ရာအချိန်တွင် ထကြွတိုက်ခိုက်နေမည့်အစား င်းရင်းသားအားလုံး တစုတစည်းတည်းဖြင့် ရာဒေသအသီးသီးတွင် တစ်ချိန်တည်းတစ်ပြိုင် ည်း တော်လှန်တိုက်ခိုက်ခြင်းက ထိရောက် ာင်မြင်မှုရှိသည်ကို ရေးခေတ် မြန်မာ့သမိုင်း ့သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် ်လ ၂၇ ရက်နေ့တွင် တစ်ချိန်တည်းတစ်ပြိုင် ည်း တိုင်းပြည်နှင့်အဝန်း ဒေသအသီးသီးတွင် ်ဆစ်တော်လှန်ရေးကို စတင်ခဲ့တော့သည်။

ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာ့တပ်မတော် အတူ တိုင်းရင်းသားပြည်သူများ၊ မျိုးချစ်

ၚင်းမှာ မြန်မာ့တပ်မတော်စတင်သန္ဓေတည်ကတည်းက တည်ရှိခဲ့သော နိုင်ငံနှင့်လူမျိုးအတွက် ခိုင်ကျည်မြဲမြံသည့် မြင့်မြတ်သောခံယူချက်နှင့် သံမဏိ စိတ်ဓာတ်တို့ပင် ဖြစ်တော့သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ဖြစ်တည်ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်လူမျိုးအတွက် ဖော်ပြပါ မြင့်မြတ်သော ခံယူချက်၊ သံမဏိစိတ်ဓာတ်တို့ကို ရင်ဝယ်ပိုက်လျက် နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံကာကွယ်ရေး၊ နိုင်ငံအေးချမ်းရေးတို့အတွက် မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဆက်လက်ကာကွယ်ထိန်းသိမ်းသွားမည်မှာ မလွဲကေန်မုန်ကန်နေမည့် နိယာမတရားပင်ဖြစ်သည်။

ကချင်၊ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ဖြစ်တည်ပေါ်ပေါက်လာသော မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်လူမျိုးအတွက် ဖော်ပြပါ မြင့်မြတ်သော ခံယူချက်၊ သံမဏိစိတ်ဓာတ်တို့ကို ရင်ဝယ်ပိုက်လျက် နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံကာကွယ်ရေး၊ နိုင်ငံအေးချမ်းရေးတို့အတွက် မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဆက်လက်ကာကွယ်ထိန်းသိမ်းသွားမည်မှာ မလွဲကေန်မုန်ကန်နေမည့် နိယာမတရားပင်ဖြစ်သည်။



နိုဂုံးချုပ် ဥယျောဇနကထာ ချီးမြှင့်

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက နိဂုံးချုပ် ဥယျောဇနကထာကို ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ကျင်းပပြီးစီး သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၂၂

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယင်းအစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ပရဒေသီ ဗဟိုဝန်ဆောင်ဆရာတော်တို့ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

တင်မြှောက်တော်မူ

ရှေးဦးစွာ ယနေ့ကျင်းပသည့် ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့၏ သြဝါဒါစရိယဆရာတော်ကြီးများအဖြစ် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တမာလာလင်္ကာရ၊ ပဲခူးတိုင်း ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တယုဂန္ဓရ၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့ မြို့မဂိုဏ်းချုပ်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍည၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယနှင့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘနတို့အား တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူး ဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်များ၏အရေးအတွက်ကို လျှောက်ထားကာ အစည်းအဝေး ထမြောက်ကြောင်းနှင့် ယနေ့ဖြန့်ဝေ ဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာလျှောက်ထားတော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ဝင် ကိုယ်စားလှယ် ဆရာတော်များ၏ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တတေဇနိယက ပြန်လည် ရှင်းလင်းလျှောက်ထားကာ အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူသည်။

အစီအစဉ်အရ ပဲခူးတိုင်း (အနောက်)၌ တိုင်းသံဃနာယကအဖွဲ့ ဖွဲ့စည်းရန်ကိစ္စကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒက တင်သွင်းတော်မူပြီး သဘာပတိဆရာတော်က အစည်းအဝေး၏ အတည်ပြုချက် ရယူတော်မူကာ အတည်ပြုကြောင်း ကြေညာလျှောက်ထားတော်မူသည်။

ထို့နောက် သဘာပတိ ဆရာတော်က ဧရာဝတီတိုင်းမှ ရွေးချယ်တင်ပြသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်တစ်ပါး၏ ဘွဲ့အမည်စာရင်းကို အစည်းအဝေးသို့ တင်ပြတော်မူပြီး အတည်ပြုချက် ရယူတော်မူကာ ဧရာဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ် အတည်ပြုကြောင်း ကြေညာလျှောက်ထားတော်မူသည်။

ဆက်လက်၍ သဘာပတိဆရာတော်က နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များကို ဆက်ကပ်တော်မူသည်။

လက်မှတ်ရေးထိုး

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များနှင့် မှတ်တမ်းတင်ချက်များကို သာသနာ့ သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ သြဝါဒါစရိယ ဆရာတော်ကြီး ၁၅ ပါး၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ် ဆရာတော် တစ်ပါးကျစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက နိဂုံးချုပ် ဥယျောဇနကထာ ကို ချီးမြှင့်တော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက **'ဓယန္တော ဗောဓိယာမူလေ'** အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ်ခေါ်ဆိုကာ ညနေပိုင်းတွင် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ရွေးချယ်တင်မြှောက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းနှင့်ဆုံးဖြတ်ခြင်းများဆောင်ရွက်

ရန်ကုန် မတ် ၂၂

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ ၁၃ ရက် (မတ် ၂၀ ရက်မှ ၂၂ ရက်)အထိ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပခဲ့ပြီး အစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း တစ်ရပ်၊ မှတ်တမ်းတင်ခြင်း ရှစ်ရပ်၊ အတည်ပြုခြင်း ခုနစ်ရပ်နှင့် ဆုံးဖြတ်ခြင်း တစ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည်။

ရွေးချယ်တင်မြှောက်

ယင်းသို့ ဆောင်ရွက်ခဲ့သည့် ရွေးချယ်တင်မြှောက်ခြင်းတစ်ရပ်မှာ အစည်းအဝေး၏ သြဝါဒါစရိယ ဆရာတော်ကြီးများ ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။

မှတ်တမ်းတင်ခြင်း ရှစ်ရပ်မှာ အစည်းအဝေး သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒကထာများကို မှတ်တမ်းတင်ခြင်း၊ အစည်းအဝေး သဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသရ၏ အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မှတ်တမ်းတင်ခြင်း၊ သာသနာ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို မှတ်တမ်းတင်ခြင်း၊ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူသည်ကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များတင်ပြသည့် အကြံပြုချက်များအား ရှင်းလင်းတင်ပြသည်ကို မှတ်တမ်းတင်ခြင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မဟာဝိဇယစေတီတော်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှုအခြေအနေများ လျှောက်ထားသည်ကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ် ဆက်ကပ်သည်ကို မှတ်တမ်းတင်ခြင်းနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး၏ နိဂုံးချုပ် ဥယျောဇနကထာကို မှတ်တမ်းတင်ခြင်းတို့ဖြစ်သည်။

အမည်စာရင်းအတည်ပြု

အတည်ပြုခြင်း ခုနစ်ရပ်မှာ အစည်းအဝေးအစီအစဉ်များကို အတည်ပြုခြင်း၊ အစားထိုးရွေးချယ် တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်များ၏ အမည်စာရင်းကို အတည်ပြုခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် လစ်လပ်နေရာများ ရွေးချယ်ခြင်းအတွက် နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများဖြင့် ဖွဲ့စည်းထားသည့် ကြီးကြပ်ရေးအဖွဲ့ကို အတည်ပြုခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်တို့၏ ဘွဲ့အမည်စာရင်းကို အတည်ပြုခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အမည်စာရင်းကို အတည်ပြုခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အတည်ပြုခြင်းနှင့် ပဲခူးတိုင်း (အနောက်)တွင် တိုင်းသံဃနာယကအဖွဲ့ ဖွဲ့စည်းခြင်းကို အတည်ပြုခြင်းတို့ ဖြစ်သည်။

ဆုံးဖြတ်ခြင်း တစ်ရပ်မှာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အစားထိုးရွေးချယ်ခြင်းကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဆန္ဒကိုခံယူ၍ ရွေးချယ်တင်မြှောက်ရန် ဆုံးဖြတ်ခြင်းတို့ဖြစ်သည်။ **(သတင်းစဉ်)**

တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင် ရေစက်ချပွဲ

ရန်ကုန် မတ် ၂၂

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန၊ တိပိဋက ကျောင်းတော် အမှတ် (၁၂) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် (၁၀) ကြိမ်မြောက် ရာသက်ပန် ဆွမ်းပဒေသာပင် ၁၀၀၀ ပြည့် ရေစက်ချပွဲ အခမ်းအနားကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော်လည်း ၂၀၀၄ ခုနှစ် မေ ၂၈ ရက်မှ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ လှူဒါန်းထားသော ဆွမ်း ပဒေသာပင် အလှူရှင်များသည် ရေစက်ချပွဲ ကြွရောက်နိုင်ကြကြောင်း ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပြည်ပနိုင်ငံများမှ ဘွဲ့ခံဆရာတော်ကြီးများ ကြွရောက်တော်မူ

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ တပေါင်းလပြည့်နေ့တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲသို့ ကြွရောက်ကြမည့် အမေရိကန်နိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံများမှ ပြည်ပဘွဲ့ခံ ဆရာတော် သံဃာတော်အရှင်သူမြတ် ရှစ်ပါးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိတော်မူလာကြရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)ဒေါက်တာမြင့်ကြည်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများက ဖူးမြော်ကြိုဆိုကြပြီး အခမ်းအနားဖြင့် ခေတ္တသီတင်းသုံးမည့် ကျောင်းဆောင်များသို့ ပင့်ဆောင်ကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ကျောက်မဲခရိုင် မိုးမိတ်မြို့ နမ့်မိတ်တံတားဖွင့်လှစ်

ရန်ကုန် မတ် ၂၂

နှစ် (၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်မဲခရိုင် မိုးမိတ်မြို့ရှိ နမ့်မိတ်တံတား ဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၇ နာရီခွဲက အဆိုပါတံတားထိပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တစ်ခဲနက် တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး **(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် ယခု ဖွင့်လှစ်သည့် နမ့်မိတ်တံတားသည် မိုးမိတ်မှ မိုးလိုသို့ ဆက်သွယ်သွားလာရာတွင် နမ့်မိတ်ချောင်းကိုဖြတ်ကူးသည့် အရှည် ၃၇၆ ပေရှိ တံတားဖြစ်ကြောင်း။

ယင်းတံတားကို ဖြတ်၍ မဘိမ်းဒေသကို ခရီးပေါက်နိုင်သကဲ့သို့ မိုးလို-မန်တုံလမ်းပိုင်းမှတစ်ဆင့် နမ့်ခမ်း၊ မူဆယ်အထိ ဆက်သွယ်သွားလာ အသုံးပြုနိုင်မှာဖြစ်၍ ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့ကာ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာခြင်းအားဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပါ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားလာစေမှာဖြစ်ကြောင်း။

ကြိုးစားအားထုတ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ် မုံးစီး-တာပါး-တာရွှေထန်လမ်းပိုင်းတွင် သံလွင်မြစ်ကူး တာပါးတံတား၊ နောင်ချိုမြို့နယ် နောင်ချို-ရပ်စောက်လမ်းပိုင်းတွင် ဒုဋ္ဌဝတီမြစ်ကူးတံတားစသည့် စီမံကိန်းဝင်တံတားကြီးများကို ဆက်လက်တည်ဆောက်ပေးလျက်ရှိရာ မကြာမီကာလအတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း၊ တံတားများစသည့် လမ်းပန်းဆက်သွယ်မှု အခြေခံများကို တိုးချဲ့တည်ဆောက်သကဲ့သို့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စခန်းများ၊ စက်ရုံအလုပ်ရုံနှင့်စက်မှုဇုန်များ တည်ဆောက်ထူထောင်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အပိုင်းမှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီး၌ ဖြန့်ကြက်ပြီး ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်းအတွက် လိုအပ်သည့်အခြေခံများကို ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ပေးနေသည့်နည်းတူ ဒေသခံတိုင်းရင်းသားပြည်သူများအပိုင်းကလည်း နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် ဖိဖိစီးစီး ကြိုးစားအားထုတ်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူဦးစိုင်းကျော်စိုးနိုင်က နမ့်မိတ်တံတားတည်ဆောက် ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဧည့်ပရိသတ်များသည် တံတားဖွင့်လှစ်ရန် အတွက် နမ့်မိတ်တံတားထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် တံတားကြီးကို ဖြတ်သန်းကြည့်ရှုကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ နမ့်မိတ်တံတားသည် မိုးမိတ်မြို့ မြောက်ပိုင်းရပ်ကွက် မိုးမိတ်-မိုးလိုလမ်း မိုင်တိုင်အမှတ် (၀/၄)အနီး၌တည်ရှိပြီး တံတားအရှည်မှာ သစ်သား ၁၈ပေ ၁၂ခန်း၊ ၁၀ပေ တစ်ခန်း၊ တစ်လွှာတစ်ထပ် ဘေလီပေ၅၀ သုံးခန်း စုစုပေါင်း၃၇၆ပေရှိသည်။ တံတားအကျယ်မှာ သစ်သား ၁၇ပေ၊ ဘေလီ၁၂ပေခြောက်လက်မ စုစုပေါင်း ၂၉ပေခြောက်လက်မဖြစ်ပြီး တံတား အမြင့်မှာ ချောင်းကြမ်းပြင်မှ ၁၃ပေ ဖြစ်၍ သစ်သားဘေလီ တွဲဆက်တံတားဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ကျေးရွာ စုပေါင်းစိုက်ခင်း ၁၃ဒသမ၇၅ဧကအတွင်း ရွှေ့ပြောင်းစိုက်ပျိုးထားသည့် အထူးအထွက်တိုးဆင်းရွှေလီနွေစပါးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များအား ထောက်ပံ့ငွေများပေးအပ်ပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက တောင်ကိုင်းကျေးရွာဥက္ကဋ္ဌ ဦးစောဦးထံ ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်စာတမ်းမျိုးစုံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ဖောဒေကျေးရွာသို့ သွားရောက်၍ ကျေးရွာဥက္ကဋ္ဌ ဦးစံလှိုင်နှင့် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်စာတမ်း များ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော်ရ အာစရိယဂုဏာပူဇော်ပွဲ

ရန်ကုန် မတ် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)ဖြင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံကြီး)အား အာစရိယဂုဏ ချီးကျူးပူဇော်ပွဲကို မတ် ၂၄ ရက်(တပေါင်းလပြည့်နေ့) ညနေ၅နာရီမှ ၆နာရီခွဲအထိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ တပည့်ယောဂီများ တက်ရောက်ကန်တော့ကြရန်နှင့် ဦးမောင်လှ ဖုန်း-၂၂၃၃၆၃၊ ဦးခင်မောင်ကြည် ဖုန်း- ၀၉-၅၁၀-၉၉၄၉ နှင့် ဦးထွန်းရီ ဖုန်း-၃၇၂၃၂၀ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၅ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မီရန် ကူရှစ် မာမွတ် ကာစူရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မုဒုံအသင်းဂုဏာပူဇာသဘင် နေရာပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် မတ် ၂၂

မုဒုံအသင်း(ရန်ကုန်) ဂုဏာပူဇာသဘင်ကို မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည့်အစား မတ် ၂၅ ရက် နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် မြစပယ်လမ်းရှိ ဝိဇ္ဇောတာရုံ ပရိယတ္တိစာသင်တိုက်သို့ နေရာပြောင်းရွှေ့ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

ကျောက်မဲခရိုင် မိုးမိတ်မြို့ အရှည် ၃၇၆ ပေရှိပြီး သစ်သားဘေလီ တွဲဆက် နမ့်မိတ်တံတားကို တွေ့ရစဉ်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးရောက်ရှိ

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဟီတိုရှိ တာနာကာသည် ယနေ့ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ နိုဘူတာကဲ့ အိုဒါနီနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျပန်သံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဟီတိုရှိ တာနာကာနှင့်အတူ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် အိုရှင်းနီးယားရေးရာ ဗျူရိုမှ ညွှန်ကြားရေးမှူး မစ္စတာဟိဒဲအကိ မီဇူကိုရှိလည်း လိုက်ပါလာသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမသစ်ဖွင့် မြန်မာ့အားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း အားကစားဆုချီးမြှင့်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားခန်းမသစ်ဖွင့်ပွဲအခမ်းအနားကို မတ်၁၉ရက် နံနက် ၁၀ နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဖွင့်ပွဲပထမပိုင်းအစီအစဉ်အရ ဝန်ကြီး၊ မြို့တော်ဝန်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ပဒေသာ အားကစားခန်းမကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ပဒေသာအားကစားခန်းမ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းစာကို တိုင်းမှူး၊ဝန်ကြီးနှင့် မြို့တော်ဝန်တို့က အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

အမှာစကားပြောကြား

ထို့နောက် ဖွင့်ပွဲဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားပြီး တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးကျော်ရွှေအား အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အားကစားဝန်ကြီးဌာနသို့ ပဒေသာအားကစားခန်းမနှင့် ပတ်သက်သည့်စာရွက်စာတမ်းများအား အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးတင့်ဆန်းက အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သို့ လွှဲပြောင်းပေးအပ်သည်။

ယခု ဖွင့်လှစ်သည့် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမသည် အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့်၃၆ပေ၊ Steel Structure Frame၊ လျှာထိုးတစ်ထပ် ကြမ်းခင်း အဆောက်အအုံဖြစ်ပြီး အေစီအီး ဆောက်လုပ်ရေး ကုမ္ပဏီက ၂၀၀၄ခုနှစ် ဇွန်၁၅ ရက်မှ စတင် တာဝန်ယူ ဆောက်လုပ်ခဲ့ပြီး ၂၀၀၅ ခုနှစ် မတ် ၁၅ ရက်တွင် အပြီးသတ် တည်ဆောက်ခဲ့သည်။ကုန်ကျငွေစုစုပေါင်း ငွေကျပ် ၇၅၆ သိန်းကို နိုင်ငံတော်မှ ကျခံ ဆောက်လုပ်ခဲ့ပြီး မြေနေရာကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီကသတ်မှတ်စီစဉ်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ညနေ ၃ နာရီတွင် အိုလံပစ် ဟိုတယ်(သုဝဏ္ဏ)၌ ကျင်းပသော မြန်မာ့အားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း၏ ၂၀၀၄ခုနှစ်အတွက် အားကစားဂုဏ်ပြု ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကာ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အားကစား နှင့် ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဗိုလ်ရဲထွဋ်(ရဲဘော်သုံးကျိပ်)က အမှာစကားပြောကြားပြီးအဖွဲ့ဝင်ဒေါက်တာ တင်ထွန်းဦးက ဂုဏ်ပြုဆု ချီးမြှင့်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားကာ ဂုဏ်ပြုဆုများကို ချီးမြှင့်ရာ လူထုအား ကစားလှုပ်ရှားမှုအတွက် မြန်မာအမျိုးသမီး အားကစားအဖွဲ့ချုပ်နှင့် မြန်မာ နိုင်ငံ ခြေလျင်တောင်တက်အားကစား အဖွဲ့ချုပ်များသို့ ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်း၊ ၂၀၀၄ ခုနှစ် အကောင်းဆုံး အားကစားသမားဆုကို ဘောလုံး လက်ရွေးစင် စိုးမြတ်မင်းနှင့်မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အတွက် ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်းတို့ကို ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အဘက်ဘက်မှ ပံ့ပိုး ကူညီခဲ့ကြသည့် ဒေါက်တာခင်ရွှေ (မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ)၊ ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ)၊ ဦးခင်မောင်လေး (မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဦးမိုးမြင့် (ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ) တို့အားလည်းကောင်း၊ တိုင်းလူထုအားကစားဂုဏ်ပြုဆုရ ရန်ကုန်တိုင်း(အား/ကာ)၊ မြို့နယ်ဆုအတွက် ပဲခူးတိုင်း ပြည်မြို့နယ်၊ မြန်မာ့အားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း မူပိုင်သီချင်း ရေးသားသူ ဂီတစာဆိုဟသ်ာတမြင့်ငွေ နှင့် သီဆိုသူဒေါ်အယ်လ်ခွန်းရီ၊ မြန်မာ့ အားကစားနှင့် ကျန်းမာရေး ဖောင်ဒေးရှင်း(Logo)အမှတ်တံဆိပ်ပြိုင်ပွဲ ပထမ ရရှိသူ ဦးကျော်ဦး(လူမှုဝန်ထမ်း) တို့ကို ဥက္ကဋ္ဌ ဗိုလ်ရဲထွဋ်(ရဲဘော် သုံးကျိပ်)က ဂုဏ်ပြု ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေ များကိုပေးအပ်ချီးမြှင့်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ပါဠိပထမပြန် စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်ခြင်း နှင့် ၂၀၀၄ခုနှစ် ယဉ်ကျေးမှုစာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၁၃ရက်ကမင်္ဂလာတောင်ညွန့်မြို့နယ်အောင်သပြေကုန်းဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုက မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဓမ္မိသာရထံ အောင်လက်မှတ်ဆက်ကပ်စဉ်။ (၂၅၉)

ကျောက်ရေတွင်း ခုံးကျော်တံတား ပန္နက်ရိုက်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယ ဝန်ကြီးများ ဖြစ်ကြသည့် သူရ ဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ လိုက်ပါလျက် မတ် ၂၀ရက်နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ ကျောက်ရေတွင်းဘူတာရထားလမ်းနှင့် လေဆိပ်လမ်းမကြီးဆုံရာ ရထားလမ်း ကူး၌ မြန်မာ့မီးရထားက တည်ဆောက်မည့် ကျောက်ရေတွင်း ခုံးကျော်တံတား ပန္နက်ရိုက် မင်္ဂလာအခမ်းအနားသို့ ရောက်ရှိလာရာ မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများက ပန္နက်ရိုက်မင်္ဂလာအခမ်း အနားပြုလုပ်မည့်အစီအစဉ်နှင့်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် စီမံကိန်းအင်ဂျင်နီယာတို့သည် မင်္ဂလာအချိန် နံနက်၇နာရီ၁၅မိနစ်တွင် ပိုင်ရိုက်စက်ယန္တရားကြီးနှစ်စီးဖြင့် ပိုင်များကို စတင်ရိုက်သွင်းကြသည်။ ကျောက်ရေတွင်းခုံးကျော်တံတားမှာ ပင်မ တံတားအရှည် ၁၅၆၈ပေအပါအဝင် စုစုပေါင်းပေ ၂၁၂၀ ရှည်မည် ဖြစ်သည်။ ကင်းလွတ်အမြင့်မှာ ၁၄ပေ ရှိသည်။တံတားအမျိုးအစားမှာ သံကူ ကွန်ကရစ် အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေနှင့် လူသွားလမ်း အကျယ်မှာ ၃ပေ၁၁လက်မရှိမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြန်မာ့မီးရထားမှ တည်ဆောက်မည့် ကျောက်ရေတွင်း ခုံးကျော်တံတားပန္နက်ရိုက် မင်္ဂလာ အခမ်းအနား တက်ရောက်ကြည့်ရှုအားပေးစဉ်။ (ရထား)

ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော အဌမအကြိမ် ပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု အကြို အသိပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်က မြို့နယ် ကျန်းမာရေး ဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောသိန်း အမှာစကား ပြောကြားစဉ်။ (၀၅၂)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ (၂၀၀၅) ခုနှစ် မတ်လ(၂၄)ရက်

“Frontline TB Care Providers: Heroes in the Fight Against Tuberculosis”

“ကိုယ်တိုင်တိုက်ကျွေး၊ တီဘီဆေး၊ ရှေ့တန်းကထား၊ စေတနာရှင်များ”

❒ ရက်သတ္တပတ်(၃)ပတ် ကျော်၍ ချောင်းဆိုးလျှင် နီးစပ်ရာ ကျန်းမာရေးဌာနတွင် စစ်ဆေးပါ။

❒ တီဘီလူနာ များအား အစွမ်း ထက်မြက်သော တီဘီ ဆေးဝါး များဖြင့် **အခမဲ့** ကုသပေးနေပါသည်။

❒ “တိုက်ရိုက် ကြည့်ရှု အချိန်တိုနှင့်ကု” နည်းဖြင့် ကုသလျှင် တီဘီရောဂါပျောက်ကင်း ပါသည်။

ဘုရှုနိုင်းဘုရင့်ဖလား(ယူ-၂၁)လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာနှင့်ဗီယက်နမ်လူငယ် ယနေ့အကြိုဗိုလ်လုပွဲကစားမည်

ရန်ကုန် မတ် ၂၂

၂၀၀၅ ခုနှစ် ဒုတိယအကြိမ်ဘုရှုနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ မတ် ၂၁ ရက်က ပြီးဆုံးသွားပြီဖြစ်သည်။ မတ်၂၃ရက်(ယနေ့)တွင် အကြိုဗိုလ်လုပွဲစဉ်များကို ကျင်းပမည်ဖြစ်ရာ မြန်မာစံတော်ချိန် မွန်းလွဲ၂နာရီခွဲတွင် ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ထိုင်းလူငယ်အသင်းနှင့် လာအိုလူငယ်အသင်း၊ ညနေ၆နာရီခွဲတွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့သည် ဘုရှုနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာလူငယ်

မြန်မာလူငယ်အသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် စင်ကာပူလူငယ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ဘုရှုနိုင်းလူငယ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး လာအိုလူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ မြန်မာလူငယ်အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်လာခြင်းဖြစ်သည်။

ဗီယက်နမ်လူငယ်

ဗီယက်နမ် လူငယ်အသင်းသည် အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာတွင် ဖိလစ်ပိုင်လူငယ်အသင်းကို လေးဂိုး-ဂိုးမရှိ၊ မလေးရှားလူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အင်ဒိုနီးရှားလူငယ်အသင်းနှင့် ဂိုးမရှိသရေကျကာ ထိုင်းလူငယ် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဗီယက်နမ်လူငယ် အသင်းသည် လေးပွဲ ကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ခုနစ်မှတ်ဖြင့် အုပ်စု ဒုတိယရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်း ဖြစ်သည်။

ဗိုလ်လုပွဲ

ပထမအကြိမ် ဘုရှုနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းအကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ပြီး ဗီယက်နမ်လူငယ်အသင်းသည် ယခုပြိုင်ပွဲ၌ ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်း ဖြစ်သည်။ ဒုတိယအကြိမ် ဘုရှုနိုင်း ဘုရင့်ဖလား(ယူ-၂၁)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မတ်၂၅ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမရရှိသော အသင်းအားဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၂၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ် ၂၀၆၊ ၇၄လမ်း မောရဂီဝါရပ် မန္တလေးမြို့နေ ဒေါက်တာမိမိခိုင်မိသားစုက မိခင်ဖြစ်သူ ဒေါ်ရီရီအား ရည်စူး၍ အလှူငွေကျပ် သုံးသိန်းကို ဖြစ်မြောက်ရေးကော်မတီဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်ရသံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)၊(၂/၂၀၀၅)တို့ဖြင့် ဇန်နဝါရီ ၄ ရက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော ရခိုင်နွယ်ဖွား သံဃာတော် ၂၈ ပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဆန်လှူအသင်းဆွမ်းဆန်လှူဒါန်းပွဲ အကြိုတရားပွဲ

ရန်ကုန် မတ် ၂၂

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ ဆန်လှူအသင်းကြီး၏ (၂၂၄)ကြိမ်မြောက်ဆွမ်းဆန်တော် ရေစက်ချအကြိုတရားပွဲကို မတ် ၂၃ ရက်တွင် ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ(တိပိဋကရေ) ဆရာတော်များက ညစဉ် ၆ နာရီခွဲတွင် အသင်းတည်ရာ အမှတ် ၈၉၊ အထက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်တွင် ဟောကြားပြီး မတ်၂၄ရက် (တပေါင်းလပြည့်နေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ဦးမောင်ကလေး ဒေါ်ကျုတ် တန်ဆောင်းတော်ကြီးတွင် အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော် ဦးသံဝရ ဇောတိက ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက်ပေါင်း ၁၇၂ တိုက် စာချ၊စာသင် သံဃာတော်ပေါင်း ၁၈၀၀၀ ကျော်အား ဆွမ်းဆန်တော် တင်း ၄၅၀၀ တန်ဖိုး ငွေကျပ် ၁၈၃ သိန်းကျော်ဖိုးကို ရေစက်သွန်းချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြိုတ်ဂေါက်ကွင်းတွင် တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် မတ် ၂၂

မြိုတ်ဂေါက်ကွင်းတွင် မတ် ၁၉ ရက် မွန်းလွဲ ၂နာရီခွဲက ဦးကျော်ဟိန်းသည် ကျင်းအမှတ် (၄)၌ NIKE-4 အမျိုးအစား ဘောလုံးအား တေလာမိတ် (Taylor Made) RAC 7 အမျိုးအစားနံပါတ် (၆) သံတဇုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၅ ကိုက် အကွာအဝေးရှိ ကျင်းထဲသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။ ယင်းအချိန်တွင် ကစားဖော်များအဖြစ် ဦးအောင်ဌေး၊ ဦးတင်အောင်ဝင်း၊ ဦးစံသိန်းနှင့် ဦးဝင်းဘိုတို့ အတူရှိနေကြကြောင်း သိရသည်။ **(က-ပ)**

အေစီမီလန်အသင်း ထိပ်ဆုံးမှဦးဆောင်နေဆဲ အင်တာမီလန်အနိုင်ရပြီး ပါးမားတို့အိမ်ကွင်း၌ သရေကျပြန်

ရောမ မတ် ၂၂

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ် ၂၉ ကို ဆက်လက်ယှဉ်ပြိုင်ကစားရာ စီးရီးအေထိပ်တန်းအသင်းကြီးများဖြစ်သော အင်တာမီလန်နှင့် အေစီမီလန်တို့ အနိုင်ရရှိခဲ့ကြရာ တန်းစီဇယားထိပ်တွင် အေစီမီလန်တို့ ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။

စီးရီးအေ ပွဲစဉ် ၂၉ အဖြစ် ရိုးမားနှင့် အေစီမီလန်တို့ ပွဲတွင်အေစီမီလန်မှ ဆီးဒေါ့ဖ်နှင့် ရိုးမားမှ တော့တီတို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရိုးမားနှင့်အေစီမီလန်

အဝေးကွင်း ၁၁ပွဲကစားပြီးချိန်တွင် တစ်ပွဲသာရှုံးထားသော အေစီမီလန်တို့ ယခုပွဲ ရိုးမားကွင်း၌ လည်း အနိုင်ရအောင်ကစားနိုင်ခဲ့သည်။ တန်းစီ ဇယား ဒုတိယနေရာမှ ဂျူဗင်းတပ်စ်နှင့် အမှတ်ချင်းတူနေရာ သရေပွဲပင်အဖြစ် မခံနိုင်သည့် အေစီမီလန်တို့ လူစုံထုတ်ကာ ကစားခဲ့ရာ အေစီမီလန်မှ တိုမက်ဆင်၊ ခရက်စ်စပို၊ ဆီးဒေါ့ဖ်နှင့် ပီယာလိုတို့၏ တိုက်စစ်ကို ရိုးမားတို့ ကြိုးစားကာကွယ်ခဲ့ရသည်။

ရိုးမားမှ တော့တီ၊ ပါရော့တာ၊ မွန်တဲလားနှင့် ကက်ဆင်နိုတို့က တန်ပြန် ထိုးစစ်ဆင်ကစားမှုကြောင့် ပထမပိုင်း ပြီးဆုံးသည်အထိ အေစီမီလန်တို့ ဂိုးမသွင်းနိုင်ခဲ့ပေ။

ဒုတိယပိုင်း ၆၄မိနစ်တွင် အေစီမီလန် တိုက်စစ်မှူး ခရက်စပိုက ဖွေဆော်ဦး ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၇၁ မိနစ်တွင် အင်ဒရီရာလီရာလိုက ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဂိုးရရှိအောင် ကန်သွင်းခဲ့သဖြင့် အေစီမီလန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲတွင်ရိုးမားတို့ ချေပဂိုးများရရှိရေးအပြင်းအထန် ကြိုးစားကစားခဲ့ရာတွင် အဝင်ကြမ်းတမ်းမှုကြောင့် မိနစ် ၇၀ နှင့် ၉၀ တို့တွင် ပန္နူစီနှင့် တော့တီတို့ အနီကတ်ပြ အထုတ်ခံခဲ့ရသလို အေစီမီလန်မှ ကာကာ၊ ဆီးဒေါ့ဖ်၊ တိုမက်ဆင်၊ ကာဖူးနှင့် ဂျုပ်စတမ်းတို့လည်း အဝါကတ်ပြခံခဲ့ရသည်။ အေစီမီလန်တို့ ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် တန်းစီဇယားထိပ်တွင် ဆက်လက် ဦးဆောင်နေဆဲဖြစ်သည်။

အင်တာမီလန်နှင့် ဖီအိုရင်တီနာ

အိမ်ကွင်းရလဒ် ကောင်းသော အင်တာမီလန်တို့ ဖီအိုရင်တီနာအသင်းကို အနိုင်ရအောင် ခြေစွမ်းပြကစားနိုင်ပြီး ဂိုးပြတ်သွင်းနိုင်အောင်လည်း နောက်ခံလူ ကော်ဒိုဗာကြောင့် ဖီအိုရင်တီနာကို တစ်ဂိုးလက်ဆောင်ပေးခဲ့ရသည်။

ဇာနက်တီ၊ကင်ဘီယာဆို၊ ဂွန်ဇာလက်တို့က ကွင်းလယ်ကစားကွက်ကို စိုးမိုးပြီး ရှေ့တန်းတိုက်စစ်မှူးများထံ တိကျသော ဘောလုံးဖြန့်ဝေပေးမှုကြောင့် ၂၇မိနစ်တွင် ကင်ဘီယာဆိုက တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော်

စီးရီးအေပွဲစဉ် ၂၉အဖြစ် အင်တာမီလန်နှင့် ဖီအိုရင်တီနာတို့ပွဲတွင် အင်တာမီလန်မှ ဗီရွန်(ယာ)၏ ထိုးဖောက်ကစားမှုကို ဖီအိုရင်တီနာမှ အိုဘိုဒို(ဝဲ)အား ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖီအိုရင်တီနာ၏ တန်ပြန်တိုက်စစ်မှ တိုက်စစ်မှူး ပက်ဇီနီက ၄၁ မိနစ်တွင် ချေပဂိုး တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီသရေဖြစ်နေခဲ့သည်။

အင်တာမီလန်တို့ ဒုတိယပိုင်းတွင် အနိုင်ဂိုးများရရှိရေး ထိုးဖောက်ကစားရာမှ ၅၃ မိနစ်တွင် ဗေရွန်က တစ်ဂိုး၊ ၆၃ မိနစ်တွင် ကော်ဒိုဘာက တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် အင်တာမီလန်တို့ ဦးဆောင်နေရာ ၈၇ မိနစ်တွင် ကော်ဒိုဘာ ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် သုံးဂိုး- နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအင်တာမီလန်တို့ အနိုင်ရရှိ၍ ၂၉ ပွဲကစားပြီး အမှတ် ၅၀ ဖြင့် တန်းစီဇယား တတိယနေရာတွင် ဆက်မြဲနေသည်။

ပါးမားနှင့်ပါလာမို

ယခုနှစ် ခြေစွမ်းပျက်နေသဖြင့် အိမ်ကွင်းရလဒ် မတည်ငြိမ်သည့် ပါးမားတို့ အိမ်ကွင်း၌ ယခုပွဲ ပါလာမိုနှင့် ကစားရာတွင်လည်း သရေပွဲ ထပ်မံဖြစ်ခဲ့သည်။ ပါးမားနောက်တန်း အားနည်းပြီး အမှားများလည်းပြုလုပ်တတ်လျက်ရှိရာ ၁၃ မိနစ်တွင် ပါးမားနောက်ခံလူ ကင်နာဗာရို ဘောလုံးဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့ပြီးတစ်ဂိုးပေးလိုက်ရသည်။သို့သော်လည်း ပါးမားတို့ချေပဂိုးကို ၁၉ မိနစ်တွင် တိုက်စစ်မှူး မောဖီရိုက သွင်းယူပေးခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

ပါလာမိုက အနိုင်ဂိုးရရှိရေး ကစားအားတင်ပြီး ထိုးဖောက်ကစားရာ ပါလာမိုတိုက်စစ်မှူး လူကာတိုနီ ဂိုးဧရိယာအတွင်း ဆွဲယူလာသည်ကိုပါးမားနောက်ခံလူ ကင်နာဗာရိုက အဖျက်ကြမ်းမှုကြောင့် အနီကတ်ပြ အထုတ်ခံရပြီး ပယ်နယ်တီပါ အပေးခံရသည်။ ယင်းပယ်နယ်တီကို ပါလာမိုမှ တိုနီကပင်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့သည်။ ပါးမားအတွက် ချေပဂိုးကို ၅၁ မိနစ်တွင် ဂီလာဒီနိုက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးရရှိအောင် သွင်းယူပေးနိုင်ခဲ့သည်။ ပါလာမိုက ၄၇ မိနစ်တွင် ဘရိန်းဇာ သွင်းယူခဲ့သည့်ဂိုးကြောင့်သုံးဂိုး- နှစ်ဂိုးဖြင့်ဦးဆောင်နေခဲ့ရာမှ ပွဲပြီးချိန် ၉၁ မိနစ်တွင် ပါးမားတိုက်စစ်မှူး ဂီလာဒီနိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးစီ သရေပွဲဖြစ်သွားသည်။

ယခုပွဲတွင် ပါးမားမှ ကွန်တီနီ အဝင်ကြမ်းမှုကြောင့် ၈၈ မိနစ်တွင် အနီကတ်ပြအထုတ်ခံခဲ့ရာ အိမ်ကွင်း၌ လူကိုးဦးတည်းနှင့်ပါးမားတို့သရေကျအောင် မနည်းကြိုးစားခဲ့ရသည်။ ပါးမားသည် ယခုပွဲကစားပြီးချိန်တွင် အမှတ် ၃၀ ရကာ တန်းစီဇယား၌ အဆင့် ၁၇ နေရာတွင် ရှိနေပြီး ပါလာမိုက အဆင့်ခြောက်နေရာတွင် ရှိနေသည်။

အခြားပွဲရလဒ်များ

ချီယေဗို	၃-၁	**ဘရက်ရှား**
လီဗော်နို	၃-၃	**ကာဂလီရာရီ**
မက်ဆီနာ	၀-၀	**ဘိုလော့နာ**
ဆမ့်ဒိုးရီးယား	၁-၂	**အတ္တလန်တာ**
အူဒီးနီး	၂-၁	**လက်ဆီ**

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်များကို ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလလယ်မှ ဧပြီလလယ်အတွင်းတွင်လည်းကောင်း၊ ပဲခူးတိုင်းတွင် မတ်လဆန်းမှ ဧပြီလကုန်အတွင်းတွင်လည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝတင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေ ဆက်သည်အထိ ပြည့်ပြည့်ဝဝတင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်းသုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင်ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ဂုဏ်ပြုကျေးဇူးတင်လွှာ

[illegible]

ကရဝိက်ဥယျာဉ်

ကန်တော်ကြီးသဘာဝပန်းဥယျာဉ်

- (View Deck)
- (Unplugged show)
- ၂၄.၃.၂၀၀၅ (ကြာသပတေး) နေ့မှာ

[illegible]

EAC Food Group

[illegible]

ကျောက်ပန်းတောင်းမြို့နယ်အသင်းစည်းဝေးမည်

ရန်ကုန် မတ် ၂၂

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင် ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏဝိသိဋ္ဌ ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၆ရက်(စနေနေ့) မွန်းတည့်၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီး လေးပါးတို့အား ဂုဏဝိသိဋ္ဌပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်ခြောက်ဦးတို့အား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပါရဂူဘွဲ့ရသူများ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းတို့ကို တစ်ပါတည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အမည်ပြောင်း

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊၂/ခ မြို့မကွက်သစ်၊ ဗိုလ်ဆွန်ပက်လမ်းနေ ဦးမောင်ရွှေ DY-051297၏ မြေး အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာဒုံမြို့နယ် န၀မတန်းမှ မောင်ငြိမ်းချမ်းဇော်အား မောင်ခွဲမာန်လွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခွဲမာန်လွင်။**

မင်္ဂလာဆုတောင်း

(MD TOSTA GROUP LTD. & MD, HIGH RISE CONSTRUCTION GROUP LTD.)

(a) KAVEETHA

(a)PRABHU NANDAN

(a) GOVINDA KRISHANA

(a)GOPALA KRISHANA

BEC International

Let's learn and speak in English with fun & games!

★ Summer English Courses ★

Commence from March 28 KIDS TO GRADUATES

Good Health

AIDS

TECH

☎ 705702, 539531

SUMMER COURSE

Computer | Arts & Painting | English | Swimming

Junior | Senior | Advanced

Era Solutions MSC Kranet

Audio System

(10%) Disc

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

- ခေတ်မီအောင်သာ ကမ္ဘာမြေတစ်လွှားမှာ ဒို့အစွမ်းကိုပြမည်၊
- တပ်မတော်ဂုဏ်ရောင်ထွန်းပြောင်ဖို့ရာ ဒို့တာဝန်ဖြစ်သည်၊
- တစ်မျိုးလုံးအတွက်ကို စည်းလုံးကြမည် အာဇာနည်ပီပီ၊
- **အရေးကြီးခဲ့ရင် ရှေ့ကရပ်ကာ အမှန်ပင်ကာကွယ်မည်၊**
- ငါတို့တပ်မတော် အမှန်ဖြစ်သည်၊ နိုင်ငံ့တပ်မတော်အမှန်ဖြစ်သည်၊
- အင်အားကိုကြီးမားအောင်သာတည်၊
- တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာကူညီ၊
- **ရဲဘော်အပေါင်းကို ကိုယ့်သွေးသားမို့ အစဉ်မမေ့အပ်ပေသည်၊**
- ကြိုးကြိုးစားစား ဒို့အမျိုးသားစစ်သည်၊ ဖွဲ့သတ္တိညီ၊
- ထူးထူးခြားခြား ခွန်အားစွမ်းပြမည် ရဲဘော်ဇာနည်၊
- တိုင်းပြည် နိုင်ငံကျက်သရေဆောင်ရမည်၊
- တကယ်မွန်မြတ်တဲ့ တပ်မတော်ရှေ့ကိုချီ၊
- တပ်မတော်သာလျှင် နိုင်ငံအမြတ်ကို ပေးအပ်နိုင်ပါမည်၊
- တပ်မတော်သာလျှင် နိုင်ငံအကျိုးကို တိုးတက်စေနိုင်မည်၊
- တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊
- **တပ်မတော်အင်အားရှိအောင် စွမ်းဆောင်ကာကြံစည်၊**
- ငွေအားနဲ့လူအားနဲ့ လူအားနဲ့ငွေအားနဲ့ အရာရာမှာကူညီ၊
- အင်အားသစ်ဖြည့်တင်းဖို့၊ ခွန်အားသစ်ထပ်လောင်းဖို့ အကျိုးမျှော်ကာရည်၊ နှီးဆော်ပါသည်၊
- **တပ်မတော်သည် နိုင်ငံလက်နက် အကြီးဆုံးဖြစ်တော့သည်။**
- တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာကူညီ၊
- ရဲဘော်အပေါင်းကို ကိုယ့်သွေးသားမို့ အစဉ်မမေ့အပ်ပေသည်၊
- ကြိုးကြိုးစားစား ဒို့အမျိုးသားစစ်သည် ဖွဲ့သတ္တိညီ၊
- **ထူးထူးခြားခြား ခွန်အားစွမ်းပြမည် ရဲဘော်ဇာနည်၊**
- တိုင်းပြည် နိုင်ငံကျက်သရေဆောင်ရမည်၊
- တကယ်မွန်မြတ်တဲ့ တပ်မတော်ရှေ့ကိုချီ။

ဤသီချင်းကို ဆရာရွှေတိုင်ညွန့်က ဂျပန်ခေတ်တွင် ရေးခဲ့သည်။ ဂျပန်ခေတ်တွင် ဒီသီချင်းကို ကျွန်တော်တို့ နှစ်နှစ်ခြိုက်ခြိုက် အားရပါးရ သီဆိုခဲ့ကြသည်။

၁၉၄၆ခုနှစ် ဇန်နဝါရီလ၌ တပ်မတော်တွင် ကျွန်တော် ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်ခံရသည်။ ကျွန်တော်တို့တပ်သည် မိတ္ထီလာမြို့မှ ရေနံချောင်းဘက်အထွက် ကျောက်ဖူးကုန်း ကားလမ်းဘေးတွင် တည်ရှိသည်။ ကျောက်ဖူးကုန်းတွင် ရုပ်ရှင်ရုံမရှိသဖြင့် ရုပ်ရှင်ကြည့်လိုလျှင် မိတ္ထီလာမြို့တွင်းသို့ သွားချင်သွား၊ သို့မဟုတ်လျှင် ကျောက်ဖူးကုန်းမှ တစ်မိုင်ကျော်ခန့်ဝေးသော ကျောက်တိုင်သို့ သွားရောက်ကြည့်ရှုရပါသည်။ ကျောက်ဖူးကုန်းမှ ကျောက်တိုင်သို့သွားသောလမ်းမှာ ကားလမ်းမကြီးဖြစ်သော်လည်း အိမ်ခြေအလွန်နည်းပါသည်။ အိမ်များ ကြိုးကြားကြိုးကြားသာ ရှိပါသည်။

တစ်ည ည ၉နာရီခန့် ကျွန်တော်တို့အရာရှိငယ် ခြောက်ယောက်ခန့် ရုပ်ရှင်အပြီး ကျောက်တိုင်မှအပြန် အိမ်တစ်အိမ်မှ ဝါးပတ္တလားတီးနေသံကြားရပါသည်။ တီးနေသောသီချင်းတေးသွားမှာ **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”** သီချင်းဖြစ်ပါသည်။ ဝါးပတ္တလားကို သွက်သွက်လက်လက်တီးနေခြင်းမဟုတ်ဘဲ တစ်ချက်ချင်း တီးနေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ရပ်ပြီး နားထောင်နေမိကြသည်။ တီးနေသော ပတ္တလားလက်သံကိုလည်း ကြိုက်သည်။ သီချင်း၏ အဓိပ္ပာယ်ကိုလည်း ကြိုက်သည်။ ပတ္တလားတီးသူသည် **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”**သီချင်းတေးသွားကိုသာ ထပ်ခါတလဲလဲ တီးနေခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ အတော်ကြာကြာကြီး နားထောင်ကြပြီး ဆက်၍ လမ်းလျှောက်လာကြစဉ် ကျွန်တော်ကစ၍**“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”**သီချင်းကို အော်ဆိုလိုက်ရာ အတူပါလာသော အရာရှိငယ်အားလုံးကလည်း ပြိုင်တူအော်ဆိုကြရာ တပ်တွင်းရောက်သည်အထိ ဖြစ်ပါသည်။

“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်” သီချင်းသည် မြန်မာ့သမိုင်းရေးရာ လိုအပ်ချက်နှင့်အတူ လွန်ခဲ့သည့် နှစ်ပေါင်း၆၀ခန့်က ပေါ်ခဲ့သောသီချင်းဖြစ်သော်လည်း ယနေ့အထိ မရိုးနိုင်သေးပါ။ အဓိပ္ပာယ်ကလည်း ပြည့်ဝသည်၊ ပြည့်စုံသည်။ သမိုင်းခေတ်အဆက်ဆက်နှင့်လည်း ကိုက်ညီဆီလျော်သည်။ ဒီသီချင်း ရုပ်မြင်သံကြားမှလာတိုင်း ကျွန်တော် မပျက်မကွက်ကြည့်ရှုနားထောင်ကာ အမြဲကျေနပ်အားရလေ့ ရှိသည်။

တိုင်းပြည်ကအားကိုးရသော၊ လွတ်လပ်ရေးမဆုံးရှုံးအောင် ကာကွယ်နေသော တပ်မတော်ကြီး အင်အားရှိဖို့လိုပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေအချိုးအစားနှင့် တွက်ဆကြည့်လျှင် တပ်မတော်၏အင်အားမှာ နည်းနေပါသေးသည်။ ကျွန်တော်တို့ခေတ်က နိုင်ငံတော်လွတ်လပ်ရေးရအောင် ကြိုးပမ်းမှုအနေဖြင့် တပ်မတော်သို့ ဝင်ခဲ့ကြသည်။ ယခုခေတ်တွင်လည်း နိုင်ငံတော် လွတ်လပ်ရေးမဆုံးရှုံးရန်နှင့် ပြည်ပခြယ်လှယ်စိုးမိုးမှုအောက် မကျရောက်စေရေးအတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်ထဲသို့ ဝင်ရောက်လျက်ရှိနေကြသည်။ တပ်မတော်သည် ပြည်ပကို ကျူးကျော်ရန်မဟုတ်ပါ။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်တွင် လူဦးရေ အဆမတန်များပြားသော တိုင်းပြည်များ၊ ခေတ်မီလက်နက်များဖြင့် အင်အားတောင့်တင်းသော နိုင်ငံများ ဝိုင်းရံလျက် ရှိနေပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် လူသူ လက်နက် အင်အားအရ ပတ်ဝန်းကျင်နိုင်ငံကြီးများကို မနှိုင်းယှဉ်လိုသော်လည်း စိတ်ဓာတ်အားဖြင့်တော့ အမြဲအားသာလျက် ရှိနေပါသည်။ ကမ္ဘာတည်သရွေ့ အမိမြန်မာပြည်အတွက် ခေတ်မီ၍အစွမ်းပြနိုင်သော တပ်မတော်ဖြစ်စေရပါမည်။

ယနေ့ မြန်မာ့တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော အစဉ်အလာကောင်းသည့် တပ်မတော်ဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့သည်။ ရရှိပြီးသော လွတ်လပ်ရေး မဆုံးရှုံးရအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပရန်များကို တွန်းလှန်ဖယ်ရှားခဲ့သည်။ ပြည်ပနိုင်ငံကြီးများ၏ သြဇာခံနိုင်ငံ၊ အခြွေအရံနိုင်ငံ ဘဝ မကျရောက်ရအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

မိုးမိုးတာရောစ်

ပြည်တွင်းရန်စွယ်များကို ဖယ်ရှားတိုက်ခိုက်ရာတွင် ၁၉၄၈ခုနှစ်မတိုင်မီ နိုင်ငံတော်အားဆန့်ကျင်၍ အမှောင်တွင်းဝင်သွားသော အလံနီကွန်မြူနစ်များကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် စစ်မှန်သော လွတ်လပ်ရေးမဟုတ်ဟု အကြောင်းပြကာ တောခိုသွားသော အလံဖြူကွန်မြူနစ်များကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ လက်နက်ကိုင်တောခိုသွားသော ရဲဘော်ဖြူများကိုလည်း တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၄၉ခုနှစ်၌ နိုင်ငံတော်အားဆန့်ကျင်ပြီး မြို့တော်ရန်ကုန်အား သိမ်းပိုက်ရန်အထိ တိုက်ခိုက်လာသော ပြည်တွင်းသောင်းကျန်းမှုကို အင်းစိန်၊ ပဲခူး၊ သာယာဝတီဘက်မှ တားဆီးတွန်းလှန်ချေမှုန်းခဲ့သည့်အပြင် မြန်မာပြည်အနှံ့၌လည်း တပ်မတော်၏ ရှိသမျှ အင်အားဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။

ပြည်ပရန် နှိမ်နင်းရာတွင် နိုင်ငံတော်အတွင်း ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူများကို ဘုရင့်နောင်၊ ရန်ကြီးအောင်၊ နဂါးနိုင်၊ မဲခေါင်စစ်ဆင်ရေးများဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့သည်။

၁၉၆၂ခုနှစ် ဖဆပလ အကွဲကွဲအပြဲပြဲဖြစ်ပြီး အာဏာရ သန့်ရှင်းဖဆပလကို အခြားနိုင်ငံရေးပါတီများက အကျပ်ကိုင်ကာ ဖယ်ဒရယ်မှုကို တောင်းဆိုလာအတွက် အကွက်ဖြစ်လာသည်။ နိုင်ငံရေးသမားဆိုသူများ အာဏာလုကြသည်။ တိုင်းပြည်ကို ကယ်တင်လိုသူအချို့ နောက်ဆုတ်နေကြရသည်။ တောကြောင်လူဆိုးလူပေတွေ ထကြွမင်းမူလာသည်။ ဌာနဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးကြသည်။ ပစ္စည်းများလုယက်ကြသည်။ မလိုလားသူများက လက်ညှိုးထိုးလိုက်လျှင် ခေါင်းဖြတ်ခံရမည်စိုး၍ ကိုယ့်အိမ်ထဲ တံခါးပိတ်နေရသည်အထိ ဥပဒေမဲ့ဖြစ်ခဲ့သည်။ လုံခြုံမှုမရှိတော့ပါ၊ တိုင်းပြည်ပျက်လေပြီ။ ထိန်းမနိုင်သိမ်းမရတော့ပေ။ မင်းမဲ့စရိုက်ကို မည်သူထိန်းမည်နည်း။ တပ်မတော်က လက်ပိုက်ကြည့်မနေနိုင်တော့ပါ။ ဤသို့ဖြင့် ၁၉၈၈ခုနှစ် စက်တင်ဘာလတွင် တပ်မတော်က နိုင်ငံတာဝန်ကို ရယူခဲ့ရသည်။

တပ်မတော်က နိုင်ငံတာဝန်ကို လက်မတင်ကလေးဝင်ရောက်ထိန်းသိမ်းလိုက်သဖြင့် ပြည်တွင်း၊ပြည်ပ အဖျက်သမားများ မချိအောင်နာကြသည်။ မြန်မာနိုင်ငံအား စိတ်တိုင်းကျ ခြယ်လှယ်လိုသော နိုင်ငံကြီးအချို့၏ ညွှန်ကြားချက်အရ ပြည်ပအားကိုးပုဆိန်ရိုးများက တပ်မတော်အား နာမည်ဖျက်ကြသည်။ တပ်မတော်တွင် အသက်မမီသော ကလေးစစ်သားများ အသုံးပြုနေသည်ဟုလည်းကောင်း၊ တပ်မတော်က လက်နက်တစ်ခုအနေဖြင့် တိုင်းရင်းသူများကိုလည်း အဓမ္မပြုကျင့်သည်ဟူ၍လည်းကောင်း လုပ်ကြံသတင်းများ ထုတ်လွှင့်ကြသည်။ တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကပင် စည်းကမ်းကောင်းသော တပ်မတော်ဖြစ်သည်။ ယနေ့အထိ တိုင်းပြည်၏အမျိုးသားရေးအင်အားစုကြီးအဖြစ် ရှေ့တန်းက မားမားမတ်မတ် ရပ်တည်နေသည့် အစဉ်အလာကောင်းများတွင် တပ်မတော်၏ စည်းကမ်းကောင်းခြင်းက အခရာကျသည်။ တပ်မတော်သားတိုင်း စည်းနှင့်ကမ်းနှင့်နေသည်။ တပ်မတော်တွင် စည်းကမ်းအရ အရေးယူဆောင်ရွက်သည်။ တပ်မတော်အကြောင်း ကောင်းကောင်းသိသူများ အနေဖြင့် ယုံနိုင်စရာ မရှိပါ။ တပ်မတော်က နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အသက်ပေးဆောင်ရွက်မှု သမိုင်းကြောင်းကို သိသူများအနေဖြင့် ဤသို့သော လုပ်ကြံစွပ်စွဲမှုမျိုးကို ယုံကြည်ကြမည် မဟုတ်ပါ။ စွပ်စွဲသူများအနေဖြင့်သာ ရှက်စရာကောင်းပါသည်။ နိုင်ငံကြီးအချို့ ပြောခိုင်းသည့်အတိုင်း ဒေါ်လာစားရ၍သာ ပြောနေကြခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံက ပြည်ပအားကိုးမှုမပြုဘဲ ကိုယ့်အားကိုယ်ကိုးဖြင့် တိုင်းပြည်ကောင်းစားရေး၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများလုပ်နေသည်ကို နိုင်ငံကြီးအချို့က လျစ်လျူရှုနေကြသည်။ တိုင်းပြည်အကြောင်း ဘာမျှမသိဘဲ သူတို့လိုလားသောသူကို အာဏာမပေးသည်ကိုပင် လူ့အခွင့်အရေးဖောက်ဖျက်သည်။ ဒီမိုကရေစီမရှိဟူ၍ စွပ်စွဲပုတ်ခတ် ပိတ်ဆို့အရေးယူနေမှု လုပ်ရပ်များသည် အလွန်ပင် အောက်တန်းကျသည်။ အရှက်မရှိသူများလို့သာ ပြောလိုပါသည်။

တပ်မတော်သည် နိုင်ငံတော်အေးချမ်းရေးအတွက် ပြည်တွင်းသောင်းကျန်းမှုများ ချုပ်ငြိမ်းသွားအောင် ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ တပ်မတော်သည် နိုင်ငံတော်အား ဆန့်ကျင်သူအကြမ်းဖက် အဖျက်သမား သောင်းကျန်းသူဟူသမျှကို တိုက်ခိုက်ချေမှုန်းမည်သာ ဖြစ်ပါသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ဘက်မှ ရပ်တည်လျက်ရှိသည်။ နိုင်ငံသားတို့အတွက်လည်း တပ်မတော်သည် နိုင်ငံ၏ အကြီးဆုံးလက်နက်ဖြစ်သည်။ တပ်မတော်သားများကို မိမိသွေးသားလို အစဉ်သဘောထားသင့်ပေသည်။ တပ်မတော်အင်အားရှိဖို့၊ စွမ်းဆောင်ရည်ထက်မြက်ဖို့၊ ဝိုင်းဝန်းကူညီ အားပေးကြရပါမည်။ **တပ်မတော်က တိုင်းပြည်တွင် အရေးကြုံလာတိုင်း ပြည်သူတို့၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ အသက်ပေး၍ ကာကွယ်စောင့်ရှောက်နေသည့်နည်းတူ ပြည်သူလူထုကလည်း တပ်မတော်၏**

> တပ်မတော်က တိုင်းပြည်တွင် အရေးကြုံလာတိုင်း ပြည်သူတို့၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ အသက်ပေး၍ ကာကွယ်စောင့်ရှောက်နေသည့်နည်းတူ ပြည်သူလူထုကလည်း တပ်မတော်၏ ကျောထောက်နောက်ခံ အမျိုးသားရေး အင်အားစုကြီးအဖြစ် ထာဝရ တည်ရှိနေမည်။

ခဲ့ကြသည်။ ဖယ်ဒရယ်မှု ပေးလိုက်လျှင် နိုင်ငံအတွင်း အစိတ်စိတ် အမြွှာမြွှာဖြစ်ပြီး ပြည်ပမှ စွက်ဖက်လာနိုင်သည်။ ပြည်ထောင်စုကြီးပြိုကွဲမည့် ဘေးအန္တရာယ်ကို လက်ပိုက်ကြည့်မနေနိုင်သော တပ်မတော်က နိုင်ငံတော်အခြေအနေကို ထိန်းသိမ်းခဲ့ရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ပြည်တွင်းပြည်ပရန် နှိမ်နင်းရေးကိုသာ ဇောက်ချ လုပ်ဆောင်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို မကျေနပ်သူများက ၁၉၈၈ခုနှစ်၌ ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှုများ နောက်ပိုင်းတွင် ပွဲလန့်ဖျာခင်းလိုသူများ **ကျောထောက်နောက်ခံ အမျိုးသားရေး အင်အားစုကြီးအဖြစ် ထာဝရတည်ရှိနေမည်**သာ ဖြစ်ပါသည်။

“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်” သီချင်းကို မြဝတီရုပ်မြင်သံကြားမှ အမျိုးသားနှစ်ဦး၊ အမျိုးသမီး သုံးဦးတစ်ဖွဲ့၊ အမျိုးသား သုံးဦး၊ အမျိုးသမီးသုံးဦးတစ်ဖွဲ့၊ အမျိုးသားလေးဦး၊ အမျိုးသမီးလေးဦး တစ်ဖွဲ့၊ ထား၊ နှင်းရီသန့်၊ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့တစ်ဖွဲ့၊ လွယ်ကော်တယောအဖွဲ့တစ်ဖွဲ့စသည်ဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ အလှည့်ကျ နေ့စဉ်သီဆိုဖျော်ဖြေနေကြသည်ကို ကြည်နူးအားရစွာ ကြည့်ရှုအားပေးရင်း ဤဆောင်းပါးဖြင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

အမှတ် ၁၀၀ နန္ဒာဝန်လမ်း (မြေညီထပ်) ဗဟန်းနေ နှစ်ဖက်သော မိဘများနှင့် အစ်မကြီး ဒေါ်သန်းသန်းအေးအား ရည်စူး၍ ဦးစံသိန်း-ဒေါ်တင်တင်အေးမိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းရှိ နာရေးကူညီမှုအသင်းသို့ လာရောက် လှူဒါန်းရာ အလုပ်အမှုဆောင် ဦးအောင်ကြွယ်စိုးက လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

တစ်ဦးချင်းပေးအပ်

မန္တလေးအောင်မြေသာစံမြို့နယ် အမှတ်(၃၆)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလွမ်းဇေက သင်ယူပြီးမြောက်ခြင်း လက်မှတ် တစ်ဦးချင်းပေးအပ်စဉ်။ (က-ပ)

တောင်သာမြို့နယ် ဇရပ်ကြီး ကျေးရွာတွင် မတ် ၁၀ ရက်က မြတ်ရွှေညောင် စာကြည့်တိုက် ဖွင့်ပွဲ ကျင်းပရာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးနေဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုကြိုဆို မတ္တရာမြို့နယ်၌ ကျေးလက်လမ်းနှင့် စက်ရေတွင်းဖွင့်ပွဲကျင်းပ

မတ္တရာ မတ် ၁၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မြို့ပြလမ်း၊ ကျေးလက်လမ်းနှင့် ကျေးလက်ရေပေးရေး စက်ရေတွင်းဖွင့်ပွဲကို မတ် ၅ရက်က ကျင်းပသည်။

ကျေးလက်လမ်းဖွင့်

ရှေးဦးစွာ ဝသုန္ဒရ-ငါးမွန်းတောင်ကျေးလက်လမ်း ဖွင့်ပွဲ အခမ်းအနားကို နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဝသုန္ဒရ-ငါးမွန်းတောင်လမ်းသည် ဂျင်းကျောက်ခင်းလမ်း အမျိုးအစားဖြစ်ပြီး အရှည်ပေ ၅၈၁၀၊ အကျယ် ၁၈ပေ ရှိ၍ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ် ၃၉သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ကျေးလက်စက်ရေတွင်းဖွင့်

ဆက်လက်၍ ကျေးလက်ရေပေးရေးအတွက် စက်ရေတွင်းဖွင့်ပွဲကို လက်ဝဲကြီးကျေးရွာ စက်ရေတွင်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျေးလက်ရေပေးရေးဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးလက်ရေပေးရေးလုပ်ငန်းများကို ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၈ဒသမ ၅သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ယင်းနောက် မြို့ပြလမ်း မြနန္ဒာလမ်းပိုင်းနှင့် ဈေးအနောက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဖွင့်ပွဲအခမ်းအနားကို ဈေးအနောက်လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမော်က ကိုယ့်အားကိုယ်ကိုးလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အမှုဆောင်အရာရှိနှင့်လမ်းကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြနန္ဒာလမ်းအပိုင်းမှာ အရှည် ပေ ၄၅၀၊ အကျယ် ၁၂ပေရှိပြီး ဈေးအနောက်လမ်းမှာ အရှည်ပေ ၇၀၀၊ အကျယ် ၁၆ပေရှိကြောင်းသိရသည်။ **(နယ်စပ်/စည်ပင်)**

ဆိပ်ဖြူမြို့နယ်ရောင်ခြည်သစ် ကျေးလက်စာကြည့်တိုက်ဖွင့်

ဆိပ်ဖြူ မတ် ၁၈

ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရေးစီမံချက်အရ ဆိပ်ဖြူမြို့နယ် တောင်ရွာမကျေးရွာ ရောင်ခြည်သစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကို မတ် ၁၃ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲလှနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးရဲလှ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စိုးတင့်နှင့် မြို့နယ်ပညာရေးမှူး ဦးမိုးဆွေတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက မြန်မာနိုင်ငံ စာကြည့်တိုက်များ သမိုင်းအကျဉ်း၊ စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အတွင်းရေးမှူးတို့က စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထီးလင်းမြို့နယ်တွင် ကတ္တရာလမ်းသစ်ဖွင့်

ထီးလင်း မတ် ၃

မကွေးတိုင်း ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မင်းရွှေထီးလမ်း ကတ္တရာခင်းလမ်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်း မုခ်ဦး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရုံးပင်ကန်ကျေးရွာ စက်ရေတွင်းတူးဖော်မှုကို ဖေဖော်ဝါရီ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးပေါ်လာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

မြောင်းမြမြို့ စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် မြဂုဏ်ရည် လမ်းတစ်လျှောက်တွင် မြက်ခင်းများနှင့် မြေယာရှုခင်း အလှစိုက်ပျိုးခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် ဦးစီးအရာရှိ ဦးမြင့်သန်းတို့ ကြီးကြပ်ဆောင်ရွက် ပေးကြစဉ်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ နတ်တလင်းတွင်ကျင်းပ ကျေးလက်ပြည်သူများအား ကျန်းမာရေးစစ်ဆေး ကုသပေး

နတ်တလင်း မတ် ၁၅

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို မတ် ၈ရက် နံနက်ပိုင်းက နတ်တလင်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောမြတ်နွယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်ဝင်းက အမျိုးသမီးများကို ပြစ်မှုဆိုင်ရာဥပဒေမှ အကာအကွယ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

စစ်ဆေးကုသ

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန် ဒေါက်တာ ကျော်ငြိမ်း၊ ဒေါက်တာ လှလှတင်နှင့် သွားဘက်ဆိုင်ရာဆရာဝန်ဒေါက်တာ ခိုင်ခိုင်ညိုတို့က တက်ရောက်လာကြသော မိခင်နှင့် ကလေးများ၊ ကျေးလက်ပြည်သူများအား ကျန်းမာရေးစစ်ဆေး ကုသပေးပြီး ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ဆေးဝါးလှူဒါန်း

အလားတူ နတ်တလင်းမြို့နယ် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၂၄ဦးတို့ကို ကျန်းမာရေးစစ် ဆေးကုသပြီး ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ညောင်လေးပင် မတ် ၁၀

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ချောင်းကျိုးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာတွင် နေနှင့်လကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးရဲဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်စိုး၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးစရိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ရေရှည်တည်တံ့ရေး ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော သုတ၊ ရသစာအုပ် ၅၀နှင့် အလှူရှင်များ ပေးအပ်လှူဒါန်းသော ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင် ၈၀တို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ကပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)စာမေးပွဲ(၂၀၀၅)

၁။ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)စာမေးပွဲကို ၂၀၀၅ခုနှစ် မေလ ၁၇ရက်နေ့မှ ၂၃ရက်နေ့အထိ စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း၊ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်တွင်ကျင်းပပါမည်။

၂။ စာမေးပွဲဖြေဆိုမည့်သူများသည် ပြဋ္ဌာန်းထားသည့် လျှောက်လွှာပုံစံ (မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် တစ်စောင် ၂၀ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်သည်။) ဖြင့် အောက်ပါတို့ကို ပူးတွဲလျက် အတွင်းရေးမှူး၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီထံ ၁-၄-၂၀၀၅ရက်မှ စတင်ကာ ၂၂-၄-၂၀၀၅ရက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

(က) စာမေးပွဲဝင်ကြေးကျပ် ၃၀၀/-ကို မြန်မာနိုင်ငံစာရင်းကောင်စီသို့ ပေးသွင်းသည့် ငွေရပြေစာမူရင်း

(ခ) လိုင်စင်ဓာတ်ပုံသုံးပုံ

(ဂ) နိုင်ငံသားစိစစ်ရေးလက်မှတ်

၃။ ဖြေဆိုခွင့်လက်မှတ်များကို ၁၀-၅-၂၀၀၅ရက်မှ ၁၃-၅-၂၀၀၅ရက်နေ့အထိ ဖြေဆိုမည့်သူကိုယ်တိုင် (နိုင်ငံသားစိစစ်ရေးလက်မှတ်ပြသလျက်)လာရောက်ထုတ်ယူရမည်။

၄။ ရက်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများ၊ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများနှင့် သင်တန်းခေါ်ချိန် ၆၀ရာခိုင်နှုန်းမပြည့်သည့် သင်တန်းသားများ၏ လျှောက်လွှာများအတွက် စာမေးပွဲဖြေဆိုခွင့် ပြုမည် မဟုတ်ပါ။

၅။ ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း)စာမေးပွဲကို သုံးနှစ်ဆက်တိုက် ဖြေဆိုကျရှုံးပြီးသူများလည်း စာမေးပွဲဖြေဆိုခွင့် လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသည့်အခါ ယခင်တက်ရောက် ဖြေဆိုခဲ့သည့် အထောက်အထားဖြင့် တင်ပြလျှောက်ထားရပါမည်။

တင်လှိုင်
အတွင်းရေးမှူး
စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ။

အိမ်ဝယ်ဖို့စဉ်းစားနေတယ်ဆိုရင်

* အသင့်နေထိုင်ရန် ဆောက်လုပ်ပြီး အိမ်ရာများကို အိမ်ရဲ့တန်ဖိုး ၈၀ရာခိုင်နှုန်း အထိစိုက်ပေးထားမယ့်-REFINACE စနစ်နဲ့ ရောင်းချပေးမှာဖြစ်တာကြောင့် စိတ်ဝင်စားမှာပါ။
* နေရာတွေက ရန်ကုန်မြို့တော်ရဲ့ အဓိကဆိတ်ငြိမ်ရပ်ကွက်ကြီးတွေနဲ့ မြို့ပြင်သီးသီးသန့်သန့် အဝေးပြေးလမ်းမကြီးပေါ်မှာ စုံစမ်းကြည့်လေ။
* စဉ်ဆက်မပြတ် ဝယ်ယူအားပေးနေကြတဲ့ မိသားစုအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။
* ရောင်းချမယ့်အိမ်ရာတွေက
  - လှိုင်ရတနာအိမ်ရာ-ရန်ကုန် အင်းစိန်လမ်းမကြီးဘေး၊ လှိုင်မြို့နယ်။
  - ဟံသာရိပ်မွန်အိမ်ရာ၊ အမှတ်(၄/၅)ရပ်ကွက်၊ မြန်မာ့သဘော်ကျင်းဘေး၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၀၁-၅၀၅၆၁၇၊ ၀၉-၉၉-၂၆၇၉၇။
  - အရှေ့ပြည်သာရိပ်မွန်အိမ်ရာ၊ အနော်ရထာလမ်းနှင့် အမှတ်(၂)လမ်းမကြီးထောင့်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၀-၂၀၃၄၄
* ဆက်သွယ်ရန်လိပ်စာ ချမ်းသာဆောက်လုပ်ရေး(ရုံးချုပ်)၊အမှတ်(၂၇၆)ပြည်လမ်း စမ်းချောင်းမြို့နယ်။ ဖုန်း-၀၉-၉၉-၂၂၆၀၀၊ ၀၉-၅၁-၂၂၆၀၀၊၀၁-၅၂၆၆၇၄၊ ၀၁-၅၂၆၃၈၆၊ ၀၁-၅၀၂၅၃၅၊ ၀၁-၅၀၂၅၃၆။

ရောင်းမည်

ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီး၊ **ယုဇနကွန်ဒိုတာဝါ** ရှိ အဆင့်မြင့်ပြင်ဆင်ပြီး၊ တစ်ခန်းလျှင် Air Con:(၆)လုံးနှင့် တယ်လီဖုန်းအပါအဝင် ရေမီးအပြည့်အစုံဖြင့် ၁၈၀၀ စတုရန်းပေအကျယ်ရှိ အခန်းအမှတ်(၁၁၀၁) နှင့် ၂၁၀၀ စတုရန်းပေအကျယ်ရှိ အခန်းအမှတ်(၁၁၀၈/ခ)တို့ကို ရောင်းမည်။ ဓာတ်လှေကားရှိသည်။ ကိုယ်ပိုင်မီးစက်ဖြင့် (၂၄)နာရီ မီးအသုံးပြုနိုင်သည်။
ဆက်သွယ်စုံစမ်းရန်-အခန်းအမှတ်-၁၁၀၃၊ယုဇနကွန်ဒိုတာဝါ၊ ဗဟန်းမြို့နယ်။ ဖုန်း-၅၅၈၃၅၉၊ ၅၅၉၁၀၇၊ ၅၅၉၀၈၉။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်၊ ငွေခွန်မှူးလမ်း အမှတ်(၁၂)နေ ကျွန်တော် ဦးစိုးနိုင်(ခ)ပက်ထရစ် ၁၃/တကန(နိုင်) ၀၁၃၂၆၇နှင့် ကျွန်မမခင်သန်းထွေး ၁၃/တကန(နိုင်) ၀၁၃၂၆၈တို့သည် ၄-၈-၂၀၀၄ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ဦးစိုးနိုင်(ခ)ပက်ထရစ်
တောင်ကြီးမြို့။

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးခိုင်ထွေး-ဒေါ်သင်းသင်းခိုင် (Asia Brave Trading Co.,Ltd.)က ပခန်းကြီးဒေသ ရှေးဟောင်းဘုရားများပြန်လည် ပြုပြင်ရန်အတွက် ငွေကျပ်တစ်သိန်းကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်ပန်းတောင်းသံဃာ့ဝန်ဆောင်အဖွဲ့ကြီးမှူး ဓမ္မာနုဂ္ဂဟစာမေးပွဲ စာအောင်ဆုနှင်းပွဲကျင်းပ

ကျောက်ပန်းတောင်း မတ် ၁၀

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့က ကြီးမှူးကျင်းပသော ဓမ္မာနုဂ္ဂဟ စာမေးပွဲ၏ (၄၄)ကြိမ်မြောက် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို မတ် ၃ ရက် မွန်းလွဲ ၁နာရီက မြို့နယ်သာသနာ့ ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားကို ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဋိလဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြသည်။

ထို့နောက် မြို့နယ်သံဃနာယက အဖွဲ့ဝင် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသံဝရ သုခဝတီ စာသင်တိုက် ဆရာတော်က ဓမ္မာနုဂ္ဂဟစာမေးပွဲကြီးကိုတည်ထောင်ခဲ့မှု အကျဉ်းချုပ်ကို မြွက်ကြားပြီး ဓမ္မာနုဂ္ဂဟစာမေးပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌဦးကံလှက (၄၄)ကြိမ်မြောက် စာမေးပွဲဆိုင်ရာ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ စာအောင်သံဃာတော်ပထမကြီးတန်း ၁၁ ပါး၊ ပထမလတ်တန်း ၃၉ပါး၊ ပထမငယ်တန်း ၅၅ ပါး၊ အခြေပြုမူလတန်း ၅၄ပါးနှင့် ပထမ၊ ဒုတိယ၊ တတိယ ဆုရသံဃာတော် ၉၆ ပါးတို့အား အောင်လက်မှတ်နှင့် ဆုများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(ဝ၆၁)**

မတ် ၂ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှုအခြေအနေကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မော်လမြိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၂

မော်လမြိုင်အသင်း (ရန်ကုန်) ၂၀၀၄-၂၀၀၅ခုနှစ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၃ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်အသင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ကန်တော့ခံမည့် အသက် ၇၅နှစ်နှင့် အထက်အသင်းဝင်များ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင် သားသမီးများ၏ စာရင်းကို အမှတ်စာရင်းမိတ္တူ အထောက်အထားများဖြင့် ဧပြီ ၁ ရက် (သောကြာနေ့)နောက်ဆုံးထား၍ ဓမ္မာရုံအုပ်ချုပ်ရေးမှူး ဖုန်း-၂၅၆၁၅၇၊ အတွင်းရေးမှူးဗိုလ်မှူးမြင့်ရွှေ(ငြိမ်း) ဖုန်း-၆၆၂၄၉၀ နှင့် ပြန်ကြားဆက်သွယ် ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

(၈၈)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၂၂

ယုဇနဂါးဒင်းဟိုတယ်မှ ဦးခင်မောင်ညွန့် လူမှုထူးချွန် (ပထမဆင့်) **(အပေါ်ပုံ)**သည် မင်္ဂလာဗျူဟာအသင်းချုပ် စိန်ရတုသဘင် သွေးလှူဒါန်းပွဲတွင် ဖေဖော်ဝါရီ၂၇ရက်က ရန်ကုန် ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၈၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။**(က-ပ)**

ပဲခူးတိုင်း ပြွန်တန်ဆာမြို့ မြို့မဈေးကြီးအတွင်း မတ်၂ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်တိုးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၃၄)

ကြက်ခြေနီသူနာပြုတပ်ရင်းနှင့် ပညာရေးဌာနတို့ ကြီးမှူးဖွင့်လှစ် ကန့်ကြီးထောင့်၌ လူထုအတွင်းရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

ကန့်ကြီးထောင့် မတ် ၁၆

ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကြက်ခြေနီသူနာပြုတပ်ရင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅) ဆင်းပွဲ အခမ်းအနားကို မတ် ၉ရက် နံနက် ၉နာရီက မြို့နယ် ဧရာသီရိသုခ ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမောင်ကြည်နှင့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဆရာဝန်နှင့် မြို့နယ်ပညာရေးမှူးတို့က သင်တန်းဆင်းဂုဏ်ပြု အမှာစကားပြောကြားပြီး ကြက်ခြေနီ သူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးမန်းကြည်ရွှင်က သင်တန်းဆင်း အထိမ်းအမှတ်အလံကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့အား ပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းတွင် ဆုရသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(၁၀၈)

တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်းများ ကြည့်ရှုစစ်ဆေး

မတ် ၂၂ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်စစ်သမိုင်းပြတိုက်တွင် ပြသမည့် နှစ်(၆၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၂၂

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက် ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ***စာမျက်နှာ ၆ ကော်လံ ၁*** ✡

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

❐ **ပြည်သူ့အတွက် တပ်မတော်** — ကို (တက္ကသိုလ်)၏ ကဗျာ (စာ-၃)

❐ **နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကို ပြည်သူတွေနဲ့လက်တွဲပြီး ဆင်နွှဲခဲ့တယ်။** — ကိုချစ်စရာ၏ ကာတွန်း (စာ-၃)

❐ **တပ်မတော်သည် ပြည်သူထဲမှပေါက်ဖွားလာသော တပ်မတော်၊ အမျိုးသားတပ်မတော် ဖြစ်သည်။ တပ်မတော်သည် ယင်းကဲ့သို့ သမိုင်းအစဉ်အလာရှိသော မျိုးချစ်တပ်မတော်အဖြစ် နိုင်ငံ့အကျိုးကို ယနေ့တိုင် ဆက်လက် သယ်ပိုးထမ်းဆောင်လျက်ရှိသည်။** — မြင့်ဝေလှိုင်၏ ဆောင်းပါး (စာ-ဂ၊ ၉)